# ကြေးမုံ
# The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ တနင်္လာနေ့။ Monday, 10 March 2025 ၁၁၇၅၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် တပ်မတော်လေဆိပ်၌ ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်စဉ်။

# နိုင်ငံတော်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်

နေပြည်တော် မတ် ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ်လည်းကောင်း သွားရောက်ခဲ့ပြီး ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့ သာမာရှဲဗာလေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေအလက်ဇန်ဒရိုဗစ်ချ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

ကြေးမုံ

# အရင်းအမြစ်များထိရောက်စွာအသုံးချ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကြိုးပမ်း

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ အရင်းအမြစ်များ လုံလောက်စွာရှိနေရေးသည် အရေးကြီးသောအချက်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်အရင်းအမြစ်များ ပေါများကြွယ်ဝသော်လည်း နည်းပညာ၊ အရင်းအမြစ်နှင့် ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်များရှိနေသောကြောင့် ဖူလုံပိုလျှံအောင် ထုတ်လုပ်နိုင်ခြင်းမရှိသေးသဖြင့် လျှပ်စစ်ကို အလှည့်ကျပေးဝေနေရခြင်း၊ စက်သုံးဆီကို ပြည်ပမှတင်သွင်းခြင်းတို့ ပြုလုပ်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် တာဝါတိုင်တစ်တိုင် ပျက်စီးခဲ့ခြင်းနှင့် ဓာတ်အားလိုင်းကြိုး ၂၆ နေရာ ပြတ်ကျခဲ့ခြင်းကြောင့် ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ရာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ စက်တပ်ဆင်ဝန်အားမဂ္ဂါဝပ် ၄၀၀ ထုတ်လုပ်မှုကျဆင်းခဲ့သဖြင့် ပြည်သူလူထုဓာတ်အားရရှိမှု လျော့နည်းခဲ့သည်။ နိုင်ငံအတွင်း ဓာတ်အားလိုင်းများ ဖျက်ဆီးခံရခြင်း၊ ရာဂီသဘာဝဘေးအန္တရာယ်ကြောင့် ဓာတ်အားပေးစက်ရုံများ ချွတ်ယွင်းမှုဖြစ်ခြင်းနှင့် ဓာတ်ငွေ့ရရှိမှုလျော့နည်းခြင်းတို့ကြောင့် နိုင်ငံတော်ဓာတ်အားပေးစနစ်အတွင်း စုစုပေါင်းထုတ်လုပ်မှု မဂ္ဂါဝပ် ၁၄၄၀ လျော့နည်းခဲ့သည်။

ပြည်သူလူထု လျှပ်စစ်ဓာတ်အားလျော့နည်းရရှိမှုကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်အားလိုင်းပြုပြင်ရေးအဖွဲ့များသည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှစ၍ သုံးလတာကာလအတွင်း ပြုပြင်ရေးလုပ်ငန်းများကို သက်စွန့်ဆံဖျား အပင်ပန်းအဆင်းရဲခံကာ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုင်ငံတော်ဓာတ်အားစနစ်သို့ ဓာတ်အားများ ပြန်လည်ပို့လွှတ်နိုင်ခဲ့ပြီး အများပြည်သူသို့ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ကာလတိုအတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို နေရောင်ခြည်စွမ်းအင်မှ ဓာတ်အားထုတ်လုပ်ရေးကို နိုင်ငံတော်အကြီးအကဲလမ်းညွှန်ချက်ဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများကို နိုင်ငံတော်ဓာတ်အားစနစ်တွင် ချိတ်ဆက်ပေးခြင်းအပြင် ဝေးလံသည့်ကျေးလက်ဒေသများအတွက် ဓာတ်အားစနစ် သီးခြားဆောင်ရွက်သွားနိုင်ရန် နိုင်ငံတော်က ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးအတွက် တင်သွင်းလာသည့် ပစ္စည်းများ အရည်အသွေးကောင်းမွန်ခြင်းရှိ/မရှိ၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိ/မရှိ စစ်ဆေးကြပ်မတ်ရန် လိုသလို တပ်ဆင်ခြင်း၊ ဓာတ်အားထုတ်ယူသုံးစွဲခြင်းများကိုလည်း သတ်မှတ်ထားသည့် နည်းပညာပိုင်းဆိုင်ရာ စံပြုလုပ်ငန်းစဉ် (SOP)စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်ရန်လိုသည်။ စွမ်းအင်ဝန်ကြီးဌာန၏ ကြိုးပမ်းအားထုတ်မှုကြောင့် ဓာတ်အားထုတ်လုပ်မှုအတွက် ဖြန့်ဖြူးပေးနေသည့် ရတနာကမ်းလွန်သဘာဝဓာတ်ငွေ့ကို ယခင်ခွဲတမ်းထက် တစ်ရက်လျှင် ကုဗပေသန်း ၃၀ ပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့သဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဓာတ်အားမဂ္ဂါဝပ် ၁၁၀ ခန့် ပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့သည်။

သဘာဝဓာတ်ငွေ့သည် လျှပ်စစ်ကဏ္ဍအတွက်သာမက စက်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍအပါအဝင် ထုတ်လုပ်ရန်အတွက်ပါ အသုံးပြုနေသည့် မဟာဗျူဟာမြောက် လောင်စာဖြစ်သောကြောင့် ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရန် စွမ်းအင်ဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်ပေးနေသည်။ တစ်ဖက်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများမှ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းနေသလို ရေနံနှင့် သဘာဝဓာတ်ငွေ့မြေအသစ်များ ရှာဖွေဖော်ထုတ်နိုင်ရေးကိုလည်း ဦးစားပေးလုပ်ငန်းအနေဖြင့် ဆောင်ရွက်သွားရန်လိုသည်။ ယခင်က ရေနံလက်ယက်တွင်းတိမ်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်ဒေသများတွင် စွမ်းအင်ဝန်ကြီးဌာနက နည်းပညာဆိုင်ရာစီမံကြီးကြပ်ကာ စံသတ်မှတ်တွင်းတူးဖော်သည့်စနစ်ဖြင့် ခွင့်ပြုလုပ်ကိုင်နိုင်ရန် စီစဉ်ဆောင်ရွက်နေသည်။ လက်ရှိ ကမ်းလွန်စီမံကိန်းများမှ ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေပြီး စီမံကိန်းအသစ်များကို ရည်မှန်းချက်အတိုင်းစတင်နိုင်ရန် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

လက်ရှိတွင် ရေနံချက်စက်ရုံများကို အဆင့်မြှင့်တင်မွမ်းမံပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက်ပြီး အရည်အသွေးပြည့်ဝသည့် စက်သုံးဆီများကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ပြည်ပမှ စက်သုံးဆီတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍအတွက် အဓိကသွင်းအားစုဖြစ်သည့် အရည်အသွေးပြည့်မီသည့် ဓာတ်မြေဩဇာများကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းကွန်ရက်များ ကြံ့ခိုင်မှုပြည့်ဝရေး၊ ယိုစိမ့်လေလွင့်ဆုံးရှုံးမှုမရှိစေရေး သတိပြုဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ရေမြေသဘာဝအနေအထားအရ သဘာဝအရင်းအမြစ်မျိုးစုံကြွယ်ဝသည့် နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်ကြိုးပမ်းမှုများနှင့် လမ်းညွှန်မှာကြားချက်များအတိုင်း လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ရင်းနှီးမြှုပ်နှံမှုများကို ထိရောက်စွာအသုံးချပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း လက်တွဲကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

## သမဝါယမအသင်းသားပြည်သူများသို့ ဆန်နှင့်မြေပဲဆီသန့်များ ဖြန့်ဖြူးရောင်းချ

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမအရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ စဉ်ဆက်မပြတ်လုပ်ငန်းများလည်ပတ်နိုင်စေရန်နှင့် စားသုံးသူအသင်းသားပြည်သူများ အခြေခံစားကုန်များကို ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ပေါင်းစပ်ညှိနှိုင်းချက်အရ မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်းက ပေါ်ဆန်း ၂၄ ပြည်ပါ ဆန်အိတ် ၅၂၂ အိတ်နှင့် ဆန်ကြမ်း ၂၃ အိတ် စုစုပေါင်း ၅၄၅ အိတ်နှင့် ပခုက္ကူဒေသထွက် မြေပဲဆီသန့် ၁၈၄ ပိဿာအား ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိသမဝါယမအသင်းသားများနှင့် အများပြည်သူများသို့ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် မတ် ၉

ယနေ့မွန်းလွဲ ၂ နာရီ ၂၅ မိနစ် ၁၂ စက္ကန့်တွင် တမူးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၈၈ မိုင်ခန့်အကွာ မြန်မာနိုင်ငံပြည်တွင်း (ဟုမ္မလင်းမြို့၏ အရှေ့မြောက်ဘက် ၃၁ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၅ ဒသမ ၁၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၃၃ ဒီဂရီ၊ အနက် ၇၉ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ် (ချ်)တာစကေး ၄ ဒသမ ၂ အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း သိရသည်။

မိုး/ဇလ

## ၉ - ၃ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၄၉၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ချစ်ကြည်ရေးခရီးစဉ်တွင် လိုက်ပါသွားသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလွင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

**ဆောင်ရွက်နိုင်ခဲ့**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်နေစဉ်အတွင်း မတ် ၄ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးခြင်း အပါအဝင် လွှတ်တော်ဥက္ကဋ္ဌများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် ကဏ္ဍအလိုက်တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခြင်း၊ မြန်မာ-ရုရှား စီးပွားရေးဖိုရမ်များသို့ တက်ရောက်ခြင်းများကို ဆောင်ရွက်ခြင်းတို့အပြင် စိန့်ပီတာစဘတ်နှင့် နိုဗိုစီဗစ်မြို့တို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်ခြင်း အခမ်းအနားများအား တက်ရောက်ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ မြန်မာအဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံခရီးစဉ်အတွင်း မြန်မာ-ရုရှားနှစ်နိုင်ငံအစိုးရ နှစ်ရပ်အကြားသဘောတူညီချက်များ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

အလားတူ မြန်မာအဆင့်မြင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်စဉ်တွင်လည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မတ် ၇ ရက်တွင်

**စာမျက်နှာ ၄ သို့** ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးမှ တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အနုပညာရှင်များက နေပြည်တော်တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တပ်မတော်လေဆိပ်နှင့် လမ်းဘေးဝဲယာတစ်လျှောက်တွင် ပြည်သူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအလံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ အလံငယ်များကို အသီးသီးကိုင်ဆောင်၍ အလံများ ဝှေ့ယမ်းကာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်စဉ်။

☆ စာမျက်နှာ ၃ မှ

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko နှင့် တွေ့ဆုံဆွေးနွေးခြင်း အပါအဝင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် ကဏ္ဍအလိုက် တွေ့ဆုံဆွေးနွေးမှုများကိုဆောင်ရွက်ခြင်း၊ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်များသို့ တက်ရောက် အမှာစကားပြောကြားခြင်းများကို ဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံအစိုးရ နှစ်ရပ်အကြား သဘောတူညီချက်များ၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ နားလည်မှု စာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။


မြန်မာနိုင်ငံသို့ပြန်လည်ထွက်ခွာလာစဉ်အတွင်း ခရီးစဉ်တွင် လိုက်ပါခဲ့ကြသည့် မီဒီယာများ၏ မေးမြန်းမှုများကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အထူးလေယာဉ်ပေါ်တွင် ဖြေကြားခဲ့သည်။ **(ဖြေကြားမှု အပြည့်အစုံကို စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

## ကြိုဆိုဂုဏ်ပြုနှုတ်ဆက်

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာ့ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့၊ မော်စကိုမြို့၊ စိန့်ပီတာစဘတ်မြို့၊ ဆာမားရားမြို့နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့များသို့သွားရောက်ခဲ့ပြီး မိမိတို့မြန်မာနိုင်ငံနှင့် ရာသီဥတုအနေအထား ကွာဟချက်အရ အပူချိန်အနုတ် ၂ မှ အနုတ် ၁၂ ဒီဂရီစင်တီဂရိတ် (အေးခဲသော) အနေအထားအထိရှိသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတ နိုင်ငံတို့သို့ အသွားအပြန်မိုင်ပေါင်းတစ်သောင်းကျော်ခန့်အထိ သွားရောက်၍ နိုင်ငံတော်အကျိုး စီးပွားကို တစိုက်မတ်မတ်ဦးတည်ပြီး ခရီးစဉ်အတွင်း နေ့မအားညမနားဖြင့် နိုင်ငံများအကြား စိုက်ပျိုးရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ ပညာသင်ကြားမှုမြှင့်တင်ရေးဆိုင်ရာကိစ္စ၊ ခရီးသွားကဏ္ဍများတိုးမြှင့်ရေး ဆိုင်ရာကိစ္စများတွင် ပြည်သူအချင်းချင်း၊ လုပ်ငန်းရှင်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် တိုင်းရင်းသားတိုင်းရင်းသူ၊ သားငယ် သမီးငယ်လေးများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ ရိုးရာအကအဖွဲ့များ၊ အနုပညာရှင်များ၊ ဒေသခံပြည်သူများက လေဆိပ်တွင် အသင့်စောင့်ကြို၍ လေယာဉ်အဆင်းမှ VIP ဆောင်အထိ လည်းကောင်း၊ တပ်မတော်လေဆိပ်မှ အဝိုင်းပတ်နေရာအထိလည်းကောင်း "ရုရှား-မြန်မာနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု အခွန့်ရှည်ပါစေ၊ ရုရှား-မြန်မာနှစ်နိုင်ငံအကြား ဘက်စုံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍအလိုက်တိုးမြှင့် ဆောင်ရွက်နိုင်ပါစေ၊ ရုရှား-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား လှိုက်လှဲစွာ ကြိုဆိုပါသည်၊ ရုရှား - မြန်မာ ချစ်ကြည်စွာ တွဲလက်မြဲပါစေ၊ မြန်မာ-ရုရှား ပူးပေါင်းအား မုချအောင်မြင်ပါစေ၊ ဘယ်လာရုစ်-မြန်မာချစ်ကြည်ရေး အခွန့်ရှည်တည်တံ့ပါစေ၊ မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အားလှိုက်လှဲစွာ ကြိုဆိုပါ၏၊

စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီ ကော့ဗ်အန်ဒရေ အလက်ဇန်ဒရို ဘစ်ချ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့ သာမာရဲဗာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။




နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ စီးနင်းလိုက်ပါလာသည့် အထူးလေယာဉ်အား ရာသီဥတုကြောင့် နှင်းများဖုံးလွှမ်းနေသည့် အတွက် လေဆိပ်မှမထွက်ခွာမီ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တပ်မတော်လေဆိပ်နှင့် လမ်းဘေးဝဲ/ယာတစ်လျှောက်တွင် ပြည်သူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအလံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံအလံငယ်များကို အသီးသီးကိုင်ဆောင်၍ အလံများဝှေ့ယမ်းကာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြု နှုတ်ဆက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည် ဖြေကြားချက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ် သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr.Alexander Gregoryevich Lukashenko ဖိတ်ကြားချက်အရ ကျွန်တော် တရားဝင်ချစ်ကြည်ရေးခရီးသွားတာပါ။ သူတို့က တရားဝင်ဖိတ်တဲ့အတွက်ကြောင့် ကျွန်တော် တရားဝင် ချစ်ကြည်ရေးခရီးသွားနိုင်တာကတော့ နိုင်ငံအတွက် အင်မတန်ကောင်းတဲ့ဟာ တစ်ခုဖြစ်ပါတယ်။ နောက်တစ်ခုက သွားတဲ့ခရီးစဉ် နှစ်နိုင်ငံလုံးမှာပဲ ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နယ်ပယ်တွေ ကျယ်ပြန့်စွာ ဆွေးနွေးဆောင်ရွက်နိုင်ခဲ့တယ်။ အထူးသဖြင့် စီးပွားရေးနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်တဲ့ ကိစ္စရပ်တွေပေ့ါ။ နောက် နှစ်နိုင်ငံအပြန်အလှန် ကူးလူးသွားလာရေးအတွက် တိုးချဲ့ဖို့ဆိုတာ အထူးသဖြင့်တော့ ခရီးသွားကဏ္ဍတွေတိုးချဲ့ ဆောင်ရွက်ရေးပေ့ါဗျာ။ နောက်တစ်ခုက ပညာရေး၊ နောက်သိပ္ပံနဲ့နည်းပညာ၊ ကျန်းမာရေး၊ အားကစား၊ ယဉ်ကျေးမှု၊ ဥပဒေ၊ ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်တွေ၊ ဒါတွေ နယ်ပယ်တွေ ကျယ်ကျယ်ပြန့်ပြန့် ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့တဲ့အပြင် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပျက်ပြောင်းလဲမှု အခြေအနေတွေ ရှင်းပြတာကို သူတို့နှစ်နိုင်ငံလုံးက ဒါကို အားလုံးလက်ခံပါတယ်။ နောက် ကျွန်တော် ရွေးကောက်ပွဲ လုပ်မယ့်အခြေအနေလည်း ကျွန်တော်ရှင်းပြတယ်။ ရှင်းပြတော့ သူတို့ ဒါကိုလည်း အားပေးထောက်ခံတဲ့အတွက်ကြောင့် သူတို့ဆီက ကိုယ်စားလှယ်လွှတ်ပြီးတော့ လာပြီးတော့ ရွေးကောက်ပွဲမှာ အကဲလာပြီးကြည့်ပေးမယ့်အကြောင်းလည်း သူတို့ပြောတာရှိတယ်။ ပိုကောင်းတာကတော့ နှစ်ဦးနှစ်ဖက် ဒီတွေ့ဆုံခြင်းအားဖြင့် ယုံကြည်မှုတွေ အများကြီးရခဲ့တယ်ဗျ။ ရုရှားနိုင်ငံရော ဘယ်လာရုစ်နိုင်ငံရော သူတို့နိုင်ငံမှာရှိတဲ့ ပြည်သူတွေကရော မြန်မာနိုင်ငံအပေါ်မှာ စိတ်ဝင်တစားနဲ့တော်တော်ဖြစ်လာတာကို ကျွန်တော် တွေ့တယ်ဗျ။ ဒါဟာကျွန်တော်တို့အတွက် (နောက်အနာဂတ်နိုင်ငံအတွက်) (နောင်နိုင်ငံတော်အနာဂတ်အတွက်လည်း) ကောင်းတဲ့ လက္ခဏာတစ်ခုပေ့ါဗျာ။ နောက်တစ်ခုကလည်း ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲလုပ်မယ်လို့ ကျွန်တော်ပြောခဲ့တာရှိတယ်။ ဒါကို ကျွန်တော်တို့ ခိုင်ခိုင်မာမာလုပ်မှာပါ။ ပါတီစုံဒီမိုကရေစီစနစ်ကို တကယ်လိုချင်လို့ရှိရင် **ကဏ္ဍကောစ**လုပ်မနေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ပဲ




လိုပါတယ်။ အဲ့ဒါလုပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံ မုချအောင်မြင်ရမယ်ဗျ။ မုချအောင်မြင်ရမယ် ကျွန်တော်ဒါကိုပြောရဲပါတယ်။ ပြည်သူတွေကို ကျွန်တော်ဒါလေးတော့ ကျွန်တော့်ဘက်က သဘောထားပေ့ါဗျာ။ ကျွန်တော် ဒါကိုပြောပါရစေ။ အားလုံး အစစအရာရာ အောင်မြင်မယ်လို့လည်း ကျွန်တော်ယုံကြည်ပါတယ်ဗျာ။ ပြည်သူအများလည်း အားလုံး ကျန်းမာချမ်းသာကြပါစေ။ နောက်အစစအရာရာ တိုးတက်အောင် လုပ်နိုင်ကြပါစေလို့လည်း ကျွန်တော် ဆုမွန်ကောင်းတောင်းပါတယ်။ ပါတီစုံဒီမိုကရေစီကို ယုံကြည်တယ်ဆိုလို့ရှိရင် အားလုံး ပူးပေါင်းဆောင်ရွက်ပေးကြပါလို့လည်း ကျွန်တော် ပြောလိုပါတယ်ဗျာ။ ကောင်းပါတယ်ဗျာ၊ ကျေးဇူးအများကြီးတင်ပါတယ်။

---

☆ စာမျက်နှာ ၄ မှ

**ရုရှား-မြန်မာ ချစ်ကြည်ရေးကို ခိုင်မြဲစေသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား လှိုက်လှဲစွာ ကြိုဆိုပါ၏"** ဟူသောစာတန်းများ ပါရှိသည့် ဗီွနိုင်းများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအလံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ အလံငယ်များကို အသီးသီး ကိုင်ဆောင်၍ အလံများ ဝှေ့ယမ်းကာ **အမျိုး၊ ဘာသာ၊ သာသနာအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျန်းမာပါစေ၊ ရုရှား - မြန်မာချစ်ကြည်ရေး၊ ဘယ်လာရုစ်-မြန်မာ ချစ်ကြည်ရေး အစွန့်ရှည်တည်တံ့ပါစေ၊ ခိုင်မြဲပါစေ**ဟု ကြွေးကြော်လျက် သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ခဲ့ကြသည်။

ထိုသို့ ပြန်လည်ရောက်ရှိစဉ် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းကလည်း မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။ **(ဖြေကြားမှုအပြည့်အစုံကို အောက်တွင် ဖော်ပြထားပါသည်။)**

**သတင်းစဉ်**

---

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ မီဒီယာများအား ဖြေကြားချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ရုရှားနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံက နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးဖိတ်ခေါ်ချက်အရ ရုရှားနိုင်ငံနဲ့ဘယ်လာရုစ်နိုင်ငံကို ဒီလ ၃ရက်နေ့ကနေ ဒီနေ့ ၉ ရက်နေ့အထိ တစ်ပတ်ကြာ ခရီးသွားခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ သတင်းတွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်လွှင့်ခဲ့တဲ့အတွက် မီဒီယာအားလုံးလည်း ဘာတွေဆောင်ရွက်ခဲ့တယ်။ ဘာတွေလုပ်ဆောင်ခဲ့တယ်ဆိုတာ သိပြီးသားဖြစ်မှာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်အကျယ်ချဲ့မပြောချင်တော့ဘူး။ အဓိကကတော့ နိုင်ငံ့အတွက် ဘာအကျိုးအမြတ်ရှိခဲ့လဲဆိုတာ ကျွန်တော်ပြောချင်ပါတယ်။ ဘာတွေရှိခဲ့လဲဆိုတော့ နံပါတ်တစ်က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုတဲ့ ကဏ္ဍသုံးရပ်အနေနဲ့ ကျွန်တော်ခွဲပြောမှာဖြစ်ပါတယ်။ နိုင်ငံရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေး နိုင်ငံရေးနဲ့ပတ်သက်ပြီး အာမခံချက်ရခဲ့တာက ရုရှားနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတွေက ယခင်ကတည်းက နိုင်ငံတကာမျက်နှာစာမှာ မြန်မာနိုင်ငံဘက်က ရပ်တည်ခဲ့တာဖြစ်တယ်။ အခုလည်း ဆက်လက်ရပ်တည်သွားမယ်ဆိုတဲ့ ခိုင်ခိုင်မာမာ အာမခံချက်ရရှိခဲ့တယ်။ နံပါတ်နှစ်အချက်က ကျွန်တော်မြန်မာနိုင်ငံမှာ အားလုံးသိတဲ့အတိုင်းပဲ ရွေးကောက်ပွဲ နဲ့ပတ်သက်ပြီးတော့ အစောဆုံးသည် ဒီဇင်ဘာလနောက်ဆုံးပတ်၊ နောက်အကျဆုံးသည် ဇန်နဝါရီလ ဒုတိယပတ်လောက်မှာဖြစ်မယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ ရုရှားနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတွေအပြင် ကျန်တဲ့နိုင်ငံတကာတွေက ထောက်ခံပေးပါတယ်။ ရုရှားနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတွေက ထဲထဲဝင်ဝင် ဝင်ရောက်ထောက်ခံပေးတဲ့အပြင် လေ့လာစောင့်ကြည့်ရေးအဖွဲ့တွေလည်း လွှတ်ပေးမယ်ဆိုတဲ့ ခံယူချက်မျိုး



ရရှိခဲ့တယ်။ ပြည်သူတွေအနေနဲ့ ဝမ်းသာစရာက ကျွန်တော်တို့သည် ပြည်သူတွေလိုလားတောင်းတခဲ့တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို မလွဲမသွေ ပြန်သွားမယ်။ မလွဲမသွေ ဆောင်ရွက်ပေးမယ်။ ဒါသည် အောင်မြင်ခဲ့တဲ့နိုင်ငံရေးနဲ့ ပတ်သက်တာဖြစ်ပါတယ်။ စီးပွားရေးကဏ္ဍနဲ့ပတ်သက်ရင် ရုရှားနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံတို့သည် ကျွန်တော်တို့နိုင်ငံထက် နည်းပညာမြင့်မားတာတွေရှိတယ်။ ကျွန်တော်တို့ ခင်ဗျားတို့ သိတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံတဲ့စက်မှုစီးပွားကိုသွားမယ့် နိုင်ငံလို့ သတ်မှတ်ထားတယ်။ ဒီလိုမျိုးလုပ်နိုင်ဖို့ ကျွန်တော်တို့မှာ အခွင့်အလမ်းကောင်းတွေရှိတယ်။ ရုရှားလိုနိုင်ငံမျိုးနဲ့မပြောသေးဘူး။ မြန်မာရဲ့ အကျယ်အဝန်းထက် ဘယ်လာရုစ်နိုင်ငံသည် သုံးပုံတစ်ပုံလောက်ပဲကျယ်ဝန်းတယ်။ ကုန်းတွင်းပိတ်နိုင်ငံဖြစ်တယ်။ ဒါ့အပြင် ဘယ်လာရုစ်နိုင်ငံသည် လူဦးရေအများဆုံး ၉ ဒသမ ၁ သန်းပဲရှိတယ်။ သို့သော် သူရဲ့စိုက်ပျိုးရေးကဏ္ဍတစ်ခုထဲကနေ ရရှိတဲ့ GDP က ၉ ဘီလီယံနီးပါးထိ ရရှိတယ်။ အဲဒီမှာကြည့်လိုက်တော့ သူသည်လယ်ယာစိုက်ပျိုးမှုဧရိယာက မြန်မာနိုင်ငံထက်နည်းတယ်။ ဒါ့အပြင် ကန့်သတ်ချက်တွေလည်းရှိပါတယ်။ အခုချိန်မှာ ဘယ်လာရုစ်နိုင်ငံရဲ့ ရာသီဥတုက ညပိုင်းမှာဆိုရင် အနှုတ်(-၂)ဒီဂရီစင်တီဂရိတ်မှ (-၁၂)ဒီဂရီစင်တီဂရိတ်လောက်ရှိတယ်။ တချို့နေရာတွေမှာလည်း အမြဲတမ်းအေးနေတယ်။ စိုက်ပျိုးဖို့အတွက် မြေကန့်သတ်ချက်၊ ရာသီဥတု ကန့်သတ်ချက်တွေရှိတယ်။ ဒီလိုမျိုးနိုင်ငံတောင်ဖြစ်ထွန်းရင် ကျွန်တော်တို့လို ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်တဲ့နိုင်ငံက မဖြစ်ထွန်းစရာအကြောင်းမရှိပါဘူး။ လိုအပ်နေတာက ခေတ်မီတဲ့ စိုက်ပျိုးမွေးမြူရေး စနစ်ဖြစ်တယ်။ ဒါတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့သဘောတူစာချုပ်တွေ ချုပ်ဆိုခဲ့တာရှိတယ်။ ခေတ်မီတဲ့စိုက်ပျိုးမွေးမြူရေးစနစ်က လိုအပ်ချက်တွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့ တောင်သူလယ်သမားတွေရဲ့ လိုအပ်နေတဲ့ ဓာတ်မြေဩဇာလိုအပ်ချက်တွေ၊ ဒီဓာတ်မြေဩဇာ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက်လျက်ရှိတယ်။ စာချုပ်တွေချုပ်ဆိုခဲ့တာရှိတယ်။ ဒါ့အပြင် ဓာတ်မြေဩဇာနဲ့ ပတ်သက်ပြီး လိုအပ်ချက်ဆိုရင် မြန်မာနိုင်ငံမှာ စက်ရုံတည်ဖို့ ဖိတ်ခေါ်ခဲ့တာရှိတယ်။ ဒါ့အပြင် တရုတ်နိုင်ငံနဲ့လည်း ဓာတ်မြေဩဇာစက်ရုံတည်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ အဓိကအရေးပါတဲ့ စီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းကြီး သုံးခုရှိတယ်။ ကျောက်ဖြူ၊ သီလဝါ၊ ထားဝယ်ဆိုတဲ့ ရေနက်ဆိပ်ကမ်းတို့ ဖြစ်တယ်။ ထားဝယ်ရေနက်ဆိပ်ကမ်းသည် ရပ်ဆိုင်းနေတာကြာပြီ။ ဒီထားဝယ်ရေနက်ဆိပ်ကမ်းကိုလည်း ရုရှားနိုင်ငံနဲ့ ဆောင်ရွက်နိုင်ဖို့ MoU လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခဲ့တယ်။ သို့သော် ရုရှားနိုင်ငံနဲ့အဓိကထားဆောင်ရွက်သော်လည်း ဘယ်နိုင်ငံမဆိုလည်း ဒီနေရာမှာ ပါဝင်လို့ရပါတယ်။ လုပ်ဆောင်နိုင်ဖို့ဖိတ်ခေါ်တယ်လို့ ကျွန်တော်တို့အနေနဲ့ ပြောချင်ပါတယ်။ နောက်တစ်ခုက လူမှုရေးဖြစ်တယ်။ လူမှုရေးကဏ္ဍ ပညာရေး၊ ကျန်းမာရေးမှာ သူတို့နိုင်ငံက မြင့်မားကြတယ်။ ပညာရေး၊ ကျန်းမာရေးကဏ္ဍမှာ တိုးတက်အောင် ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီခရီးစဉ်တစ်ခုလုံးကို အနှစ်ချုပ်ပြီးပြောရရင် ကျွန်တော် မြန်မာနိုင်ငံရဲ့ ပြည်သူတွေမျှော်မှန်းနေတဲ့ ကျွန်တော်တို့ လျှောက်လှမ်းမယ့် ပါတီစုံဒီမိုကရေစီစနစ်ကို ပြန်သွားနိုင်ဖို့၊ ပြန်လုပ်နိုင်ဖို့၊ ပြန်ဆောင်ရွက်နိုင်ဖို့၊ ပြန်ပြီးအောင်မြင်နိုင်ဖို့ တိုင်းပြည်တစ်ပြည်လုံး ပိုပြီးဖွံ့ဖြိုးတိုးတက်လာနိုင်ဖို့အတွက် ဒါအလားအလာကောင်းတွေကို ဆောင်ကြဉ်းနိုင်ခဲ့တဲ့ခရီးစဉ်ဖြစ်တယ်လို့ ပြောချင်ပါတယ်။

**လှဲ့ရည်လှိုင်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာတရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ်တို့ Grand Autograph ဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် မတ် ၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ်နှင့် ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် နိုဗိုစီဗစ်မြို့ Grand Autograph ဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာရုရှားနိုင်ငံ သံအမတ်ကြီးနှင့် နိုဗိုစီဗစ်ဒေသ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ၊ ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နှစ်ဖက်ပူးပေါင်း ဆောင်ရွက်မှုများ ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်လာနိုင်မှု၊ မြန်မာနိုင်ငံမှ ပညာတော်သင် သင်တန်းသားအရာရှိများ နိုဗိုစီဗစ်မြို့ရှိတက္ကသိုလ်များ၌ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ မြန်မာနိုင်ငံ မန္တလေးမြို့တို့ကို တိုက်ရိုက်လေကြောင်း ပြေးဆွဲလျက်ရှိမှု၊ ထုတ်ကုန်များ အပြန်အလှန်တင်ပို့နိုင်မှု၊ မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်မြို့တို့အကြား ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ မန္တလေးမြို့နှင့် နိုဗိုစီဗစ်မြို့တို့အား Sister City များအဖြစ် ဆောင်ရွက်မည်ဆိုပါက ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ စက်မှုကဏ္ဍ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာတရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ်တို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာတရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ်တို့ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုဗိုစီဗစ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မတ် ၉

ရုရှားဖက်ဒရေးရှင်း နိုင်ငံ နိုဗိုစီဗစ်မြို့ ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲ အခမ်းအနားကို ယနေ့ဒေသ စံတော်ချိန် နံနက်ပိုင်းတွင် Grand Autograph ဟိုတယ်၌ ကျင်းပပြုလုပ်ရာ ရုရှားနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်၊ ဒေါက်တာ ကံဇော်၊ ဦးကိုကိုလွင်၊ ဒေါက်တာ မျိုးသိန်းကျော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ်တို့ ကောင်စစ်ဝန်ချုပ်ရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။






ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နိုဗိုစီဗစ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားတွင် အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ဒုတိယဝန်ကြီးများ၊ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ် အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး၊ နိုဗိုစီဗစ်မြို့အစိုးရအဖွဲ့ဝင်များ၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှ နိုဗိုစီဗစ်မြို့တွင် သွားရောက်

**စာမျက်နှာ ၈ သို့ ✻**



နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ် အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ် နိုဗိုစီဗစ်မြို့ ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအခမ်းအနားတွင် နှုတ်ခွန်း ဆက်စကားပြောကြားစဉ်။



နိုဗိုစီဗစ်မြို့တော်ဝန် မစ္စတာ မက်စ်စင်းမ် ဂီရာဂီရာ ယဗစ်ချ် ကူဒရာ့ဆက်ဗ် နိုဗိုစီဗစ်မြို့ ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲ အခမ်းအနားတွင် နှုတ်ခွန်းဆက် စကားပြောကြားစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေက မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။



နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဗစ်ချ်အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေက မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

✻ စာမျက်နှာ ၇ မှ

ပညာသင်ကြားလျက် ရှိသည့် သင်တန်းသား အရာရှိများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့အား ဖွင့်လှစ်၍ အလေးပြုကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မြန်မာ-ရုရှားနှစ်နိုင်ငံသည် သံတမန်ဆက်ဆံရေး (၇၇) နှစ်ကြာရှိခဲ့ပြီဖြစ်ပြီး ယခုကဲ့သို့ နိုဗိုစီဗစ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး၏ သမိုင်းမှတ်တိုင်တစ်ခုပင်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံ၏ အာရှတိုက်ဘက်အခြမ်းတွင် ရှိသည့် အဓိကစီးပွားရေး၊ ကုန်သွယ်ရေး၊ သိပ္ပံနည်းပညာ၊ စက်မှုနှင့် ငွေကြေးဆိုင်ရာဗဟိုချက်ဖြစ်သည့် နိုဗိုစီဗစ်မြို့သည် မြန်မာနိုင်ငံနှင့်တိုက်ရိုက်လေကြောင်း ပြေးဆွဲလျက်ရှိသည့် ရုရှားနိုင်ငံမှ တစ်ခုတည်းသောမြို့တစ်မြို့ဖြစ်ကြောင်း၊ နိုဗိုစီဗစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးအား နိုဗိုစီဗစ်ဒေသတွင် နေထိုင်ကြသည့် ရုရှားနိုင်ငံသားများအတွက် မြန်မာနိုင်ငံနှင့်ချိတ်ဆက်ပေါင်းကူးရန်၊ နှစ်နိုင်ငံအကြားနားလည်မှု မြှင့်တင်ရန်၊ နိုဗိုစီဗစ်ဒေသဝန်းကျင်ရှိ မြန်မာအသိုင်းအဝိုင်းကို ကူညီစောင့်ရှောက်ပြီး ကောင်စစ်ဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် နိုဗိုစီဗစ်မြို့၌

စာမျက်နှာ ၉ သို့ ✻



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် နိုဗိုစီဗစ်မြို့တွင် သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသားအရာရှိများအား တွေ့ဆုံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများ နိုဗိုစီဗစ်မြို့ Grand Autograph ဟိုတယ်၌ ကျင်းပသည့် ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားတွင် လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

✽ စာမျက်နှာ ၈ မှ

မြန်မာ ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်နိုင်ခြင်းအတွက် လွန်စွာဝမ်းမြောက်ပါကြောင်း၊ ယခုကဲ့သို့ ဖွင့်လှစ်နိုင်ခြင်းကြောင့် မိမိတို့မြို့နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ အခွင့်အလမ်းကောင်းများ ဖြစ်ထွန်းလာနိုင်မည် ဖြစ်ကြောင်း၊ မန္တလေးနှင့် နိုဗိုစီဗစ်မြို့အကြား ညီအစ်မမြို့အဖြစ် ထူထောင်မှုနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့မှုသည်လည်း ပူးပေါင်းဆောင်ရွက်မှု တိုးတက်မှု၏ ပြယုဂ်တစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်အတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ပြီး မိမိတို့နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်၍ ကြွယ်ဝချမ်းသာမှုများရရှိစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။ ဆက်လက်၍ နိုဗိုစီဗစ်မြို့တော်ဝန် မစ္စတာ မက်စ်စင်းမ်ဂီရာဂီရာ ယဗ်စ်ချ် ကူဒရာ့ဆက်ဗ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ် တို့က ကောင်စစ်ဝန်ချုပ်ရုံးအား ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုဗိုစီဗစ်ဒေသ အကြီးအကဲတို့အား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာ–ရုရှားနှစ်နိုင်ငံမှ အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုဗိုစီဗစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ရောက်ရှိရာ ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံး ဆိုင်းဘုတ်အား အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် နိုဗိုစီဗစ်မြို့တွင် သင်တန်းတက်ရောက် လျက်ရှိသည့် သင်တန်းသား အရာရှိများအား တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်မြို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်မှု၊ ကုန်သွယ်မှုများတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုမှု၊ နိုဗိုစီဗစ်မြို့ရှိ တက္ကသိုလ်များ၌ ပညာတော်သင်များ ပညာသင်ကြားနိုင်ရေးအတွက်ထပ်မံစေလွှတ်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိမှုများနှင့် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် သင်တန်းသားအရာရှိများ၏ လိုအပ်ချက်များကို မေးမြန်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စစ်ဝန်ချုပ်ရုံး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့် သင်တန်းသား အရာရှိများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား လာရောက်ကြိုဆိုသူများ၏ ပီတိစကားသံများ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများပါဝင်သော အဖွဲ့သည် မတ် ၃ ရက်မှစတင်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ လူကာရှန်းကော့၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit)ချစ်ကြည်ရေးခရီးများ သွားရောက်ခဲ့သည်။

အဆိုပါ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နှစ်နိုင်ငံအစိုးရနှင့်ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြရာ ဘာသာပေါင်းစုံအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြု နှုတ်ဆက်ခဲ့ကြရာ ၎င်းတို့နှင့် တွေ့ဆုံ၍ ချစ်ကြည်ရေးခရီးစဉ်များအတွင်း မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် ဝမ်းသာပီတိစကားသံများကို ရေးသားဝေမျှလိုက်ရပါသည်–

**ဦးဇော်ဇော်နိုင်**
**(ဥက္ကဋ္ဌ၊ မြန်မာ–အိန္ဒိယ ချစ်ကြည်ရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း)**

ဒီနေ့ကတော့ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ရုရှားနိုင်ငံမှာ မြန်မာနိုင်ငံရဲ့ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ဖို့အတွက် စာချုပ်များစွာချုပ်ဆိုပြီး ပြန်လာတဲ့နေ့တစ်နေ့ ဖြစ်ပါတယ်။ ဒီစာချုပ်တွေကနေ မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိကြပါလိမ့်မယ်။ ရုရှားနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံတွေဟာ ကမ္ဘာမှာ နည်းပညာမြင့်တဲ့နိုင်ငံတွေဖြစ်ပါတယ်။ ဒီလိုနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကတစ်ဆင့် ကျွန်တော်တို့နိုင်ငံအတွက် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ခဲ့တယ်လို့ ကြားသိရပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ဆောင်ရွက်မှုတွေကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ကနေ လာရောက်ကြိုဆိုခြင်းဖြစ်ပါတယ်။ ဒီလို ကြိုဆိုခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။


ဦးဇော်ဇော်နိုင်


ဒိန်းဒေါင်


ဦးတိမ်ညွန့်



နောင်တော်လေး


ဒေါ်အေးအေးမိုး


စောလားကပေါ်

**ဒိန်းဒေါင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး–ဗဟို)**

နိုင်ငံတော်ဝန်ကြီးချုပ်ကြီး နိုင်ငံခြားခရီးစဉ်သွားတဲ့သတင်းကို အမြဲကြည့်ဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ကြီးရဲ့ လုပ်ဆောင်ချက်တွေအားလုံးကို ကျွန်တော် သိထားတဲ့ အသိအမြင်လေးနဲ့ ပြောရမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ မကြာခင်အလွန်တရာဖွံ့ဖြိုးတိုးတက်ပြီး ကောင်းမွန်လာမယ်လို့ မြင်မိပါတယ်။ နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းလာမယ်လို့လည်း ယုံကြည်ပါတယ်။ ဒါကြောင့် ဝမ်းပန်းတသာနဲ့ လာရောက်ဂုဏ်ပြုကြိုဆိုခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံကြီး အမြန်ဆုံးအေးချမ်းသာယာဝပြောပြီး တခြားနိုင်ငံတွေနဲ့ ရင်ပေါင်တန်းကာ အလုံးစုံချမ်းသာကြွယ်ဝမှုပြည့်စုံမှုကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။

**ဦးတိမ်ညွန့်(မြန်မာနိုင်ငံသဘင်အစည်းအရုံး–ဗဟို)**

နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ခရီးစဉ်အတွင်း ဆောင်ရွက်မှုတွေဟာ ကျွန်တော်တို့နိုင်ငံအတွက် များစွာအကျိုးရှိစေမယ်လို့ မျှော်လင့်မိပါတယ်။ ဒီလိုမျှော်လင့်တဲ့အတိုင်းပဲ နိုင်ငံအကြီးအကဲတွေက စွမ်းစွမ်းတမံဆောင်ရွက်နေတာကိုလည်း မြင်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ ဒါကြောင့် ဒီနေ့မှာ ဝမ်းသာဂုဏ်ယူတဲ့စိတ်အပြည့်နဲ့ လာရောက်ကြိုဆိုခြင်းဖြစ်ပါတယ်။ ကြိုဆိုတဲ့နေရာရောက်တော့လည်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေကို တစုတစည်းတည်း တွေ့ရတဲ့အတွက် ဝမ်းသာမိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့လိုကြိုဆိုခွင့်ရခြင်းဟာလည်း နိုင်ငံအတွက် ကိုယ်နိုင်တဲ့ဘက်က တာဝန်ထမ်းဆောင်ပေးရာရောက်တဲ့အတွက် ကျေးဇူးလည်းတင်ရှိသလို ဂုဏ်လည်းယူမိပါတယ်။

**နောင်တော်လေး**
**(အယ်ဒီတာချုပ်၊ Myanmar National Post)**

ကျွန်တော့်အနေနဲ့ ဒီနေ့ကြိုဆိုပွဲကို မီဒီယာသမားတစ်ယောက်အနေနဲ့ရော သီးခြားဂုဏ်ပြုတဲ့အနေနဲ့ပါ ဝမ်းမြောက်ဝမ်းသာလာရောက်ကြိုဆိုခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ခရီးစဉ်ရလဒ်တွေကို ကြည့်ဖြစ်ပါတယ်။ တရုတ်နိုင်ငံကို သွားတုန်းကလည်း နှစ်နိုင်ငံ အကျိုးစီးပွားအတွက် အကောင်းဆုံးဆောင်ရွက်နိုင်ခဲ့တယ်။ အခု ဒီခရီးစဉ်ကျတော့ ပိုပြီးထူးခြားလေးနက်ပါတယ်။ ခရီးစဉ်မှာ ရလဒ်ကောင်းတွေရခဲ့တာဖြစ်တဲ့အတွက် နိုင်ငံရဲ့ အနာဂတ်အတွက် အများကြီးမျှော်လင့်လို့ရခဲ့ပါတယ်။ ဒီကိစ္စကိုလည်း ပြည်သူတွေက ဂုဏ်ယူရမှာဖြစ်ပါတယ်။ နိုင်ငံ ကောင်းဖို့ဆောင်ရွက်နေတဲ့ကိစ္စမှန်သမျှကို ပြည်သူတွေက ဝမ်းမြောက်ဝမ်းသာဖြစ်ကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲတွေက ဒီလိုမျိုးရှေ့ကနေ နိုင်ငံတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်နေပါတယ်။ ဒါကြောင့် နိုင်ငံ့ဝန်ထမ်းတွေရော ပြည်သူတွေကပါ ဒီအပေါ်မှာ တစ်သွေးတည်းတစ်သားတည်းဖြစ်ရင် ကျွန်တော်တို့နိုင်ငံအနေနဲ့ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲတွေရဲ့ ဦးဆောင်မှုနောက်ကို ဖြောင့်ဖြောင့်တန်းတန်းလိုက်သင့်ပါတယ်လို့ ပြောလိုပါတယ်။

**ဒေါ်အေးအေးမိုး(ဒေသခံပြည်သူ)**

ကျွန်မက တပ်ကုန်းမြို့နယ်ကိုယ်စားပြုအနေနဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ပြည်ပခရီးစဉ်အပြန်ကို လာရောက်ကြိုဆိုတာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အခုလို နိုင်ငံတော်အဆင့်ကြိုဆိုတဲ့ပွဲကို ပထမဆုံးအကြိမ် လာရောက်ကြိုဆိုခွင့်ရတဲ့အတွက် အလွန်ကိုပျော်ရွှင်ဂုဏ်ယူမိပါတယ်။ ဒီခရီးစဉ်ကနေ မြန်မာနိုင်ငံရဲ့ ကဏ္ဍပေါင်းစုံတိုးတက်ဖို့ စာချွန်လွှာတွေလက်မှတ်ရေးထိုးခဲ့တယ်လို့ သိရတယ်။ အဲဒီ အကျိုးရလဒ် အသီးအပွင့်တွေကို ကျွန်မတို့ ပြည်သူတွေ အမြန်ဆုံး ခံစားရမယ်လို့လည်း မျှော်လင့်မိပါတယ်။

**စောလားကပေါ်**
**(ကြီးကြပ်ရေးမှူး၊ မြန်မာ့စာတိုက်လုပ်ငန်း)**

နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ရုရှားနိုင်ငံကို သွားရောက်ပြီးတော့ တိုင်းပြည်အတွက် များစွာအကျိုးရှိစေမယ့် MoU လက်မှတ်တွေ ရေးထိုးနိုင်ခဲ့တဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဒါကြောင့် အခုလို ကြိုဆိုတဲ့ပွဲကြီးမှာ ပါဝင်ပြီး လာရောက်ကြိုဆိုခွင့် ရရှိတဲ့အတွက် ပျော်ရွှင်မိပါတယ်။ အခု ခရီးစဉ်ကနေ ကျွန်တော်တို့နိုင်ငံ ကဏ္ဍပေါင်းစုံတိုးတက်ဖို့ အများကြီး ဆောင်ကြဉ်းပေးနိုင်ခဲ့တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ရုရှား–မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးလည်း ဒီထက်မက အစွန့်ရှည်တည်တံ့ပါစေလို့ ဆုတောင်းပါတယ်။

**တွေ့ဆုံမေးမြန်း- မျိုးဆက်သစ်**
**ဓာတ်ပုံ- ကိုကျော်ထိန်အေး**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံများသို့ သွားရောက်သည့် ချစ်ကြည်ရေးခရီးစဉ်များတွင် နိုင်ငံတော်အတွက် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် အဖွဲ့အစည်းများမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော်  မတ် ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် သွားရောက်ရာမှ ယနေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် အပြုသဘောဆောင်သောကောင်းမွန်သည့် ရလဒ်များရအောင် ဆွေးနွေးနိုင်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မြန်မာနိုင်ငံ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုအပေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း- YMBA (ဗဟို)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)၊ ယုံကြည်ခြင်းဇဝ်ဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ ပိန္နဲကုန်း ရခိုင်ဂျာမေဗလီ၊ ဘုံးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာ့ရှီအာယ် မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ လူမျိုးပေါင်းစုံစည်းလုံးညီညွတ်ရေးနှင့်အကျိုးဆောင်အဖွဲ့(ယာယီ)၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ MSME (Cluster) ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်တို့က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ကြေညာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

**ရက်စွဲ ၊ ၂၀၂၅ ခုနှစ် မတ်လ (၉) ရက်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး H. E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ်ကဏ္ဍမျိုးစုံ၌ ရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုများအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးအတွက် ဆက်လက်ထမ်းပိုးသယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဥက္ကဋ္ဌ**
**ဗဟိုအလုပ်အမှုဆောင်အဖွဲ့ နှင့်**
**နေပြည်တော်ကောင်စီနယ်မြေ**
**ပြည်နယ်နှင့် တိုင်းဒေသကြီး**
**YMBA အသင်းသူ အသင်းသားများ**
**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## ယုံကြည်ခြင်း ဇဝ်ဂေလိအသင်းတော်(ပဲခူး) ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

**၂၀၂၅ ခုနှစ်၊ မတ် ၉ ရက်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H. E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း ရုရှားသမ္မတကြီးအပါအဝင် ရုရှားနိုင်ငံရှိ အဆင့်မြင့်ခေါင်းဆောင်ကြီးများအားလုံးနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည့်အပြင် ရုရှား-မြန်မာ နှစ်နိုင်ငံပိုမိုယုံကြည်စိတ်ချရသည့် ရင်းနှီးသောမိတ်ဆွေကောင်းနိုင်ငံများအဖြစ် တည်ဆောက်နိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအတွက် သမိုင်းဝင်အောင်မြင်မှုများကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါသည်။ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားများကို ဆက်လက်ထမ်းပိုးတို့၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ယုံကြည်ခြင်းဇဝ်ဂေလိအသင်းတော်(ပဲခူး)က ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ယုံကြည်ခြင်း ဇဝ်ဂေလိအသင်းတော်(ပဲခူး)**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟို အဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H. E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ရာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက်ပိုမိုတိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ၏အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) ဂုဏ်ယူဝမ်းမြောက်ခြင်း

**၂၀၂၅ ခုနှစ်၊ မတ် ၉ ရက်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေရေး၊ ပိုမိုတည်မြဲစေရေး သမိုင်းကဏ္ဍအသစ်ကို ဖွင့်လှစ်နိုင်ခဲ့သလို မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နိုင်ခဲ့သည်များကို များစွာနှစ်ထောင်းအားရဝမ်းသာဝိတိဖြစ်ရပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အကျိုးကို ဆက်လက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ခဲ့သည်များအတွက် လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)**
**၂၀၂၅ ခုနှစ်၊ မတ် ၉ ရက်**

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

**၂၀၂၅ ခုနှစ်၊ မတ် ၉ ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေး သွားရောက်သည့်ခရီးစဉ်အတွင်း မြန်မာနိုင်ငံနှင့် နိုင်ငံသူနိုင်ငံသားများအတွက် ထူးခြားကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များကို များစွာရယူနိုင်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)က ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်**
**(အောက်မြန်မာပြည်)**

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ ဂုဏ်ယူဝမ်းမြောက်ခြင်း

**(၉-၃-၂၀၂၅)**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ကဏ္ဍပေါင်းစုံ တိုးမြှင့်နိုင်ရေးအတွက် ဆွေးနွေးနိုင်ခဲ့ပါသည်။ မြန်မာ-ရုရှား ပိုမိုကောင်းမွန်သည့် မဟာမိတ်ဆက်ဆံရေးအား ဖန်တီးနိုင်ခဲ့ပါသည်။ ထိုကဲ့သို့ သမိုင်းဝင်အောင်မြင်မှုများအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပိန္နဲကုန်းရခိုင်ဂျာမေဗလီက သဘောထားထုတ်ပြန်အပ်ပါသည်။

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ**

## ဘုံးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

**(၉-၃-၂၀၂၅)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးများသွားရောက်ခဲ့ပြီး မြန်မာ-ရုရှား၊ မြန်မာ-ဘယ်လာရုစ် မိတ်ဖက်နိုင်ငံအစိုးရများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာများ၊ အားကစားကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လဲလှယ်နိုင်ခဲ့မှုအပေါ် ဘုံးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းက လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဘုံးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း**

## မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၏ ဂုဏ်ပြုဝမ်းမြောက်ကြောင်း ထုတ်ပြန်ချက်

၂၀၂၅ ခုနှစ် မတ် ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေး ခရီးစဉ်များအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် သမိုင်းဝင်အောင်မြင်မှုများရရှိခဲ့သည့်အတွက် များစွာဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့် နိုင်ငံတော်တာဝန်များကို ဆက်လက်ထမ်းပိုးတို့ ၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်းလည်း မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)က ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ် မတ်လ ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူ စာချွန်လွှာများအား ဆွေးနွေးညှိနှိုင်းလက်မှတ်ရေးထိုးခြင်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့မှုအပေါ် မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်က လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

၁။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုဖြင့် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း ရရှိခဲ့သည့် သမိုင်းဝင် အောင်မြင်မှုများအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

၂။ အဆိုပါ ချစ်ကြည်ရေးခရီးစဉ်သည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် များစွာအထောက်အကူပြုသည့်အတွက် ဆက်လက်ထမ်းပိုးတို့၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်းလည်း ဆုမွန်ကောင်းတောင်းအပ်ပါသည် ။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ် မတ် ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E.Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ကဏ္ဍပေါင်းစုံ တိုးမြှင့်နိုင်ရေးအတွက် ဆွေးနွေးနိုင်ခဲ့ပါသည်။ ထို့အပြင် မြန်မာ-ရုရှား မိတ်ဖက်ဆက်ဆံရေး၊ မဟာမိတ်ဆက်ဆံရေးတို့ကို ခိုင်မာသည့်ဆက်ဆံရေးအဖြစ် ဖန်တီးနိုင်ခဲ့ပါသည်။

ထိုကဲ့သို့ မြန်မာ-ရုရှား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့သည်များကို များစွာနှစ်ထောင်းအားရ ဝမ်းသာပီတိဖြစ်ရပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အကျိုးကို ဆက်လက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ခဲ့သည်များအတွက် မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးက ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံလုံးဆိုင်ရာ MSME(Cluster) ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်မှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E.Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက် ပိုမိုတိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ၏ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ MSME (Cluster) ဖိနပ်လုပ်ငန်းရှင်များ ဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ MSME(Cluster) ဖိနပ်လုပ်ငန်းရှင်များ ဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ**

## မြန်မာရှီအာဟ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို) ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ် မတ်လ ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီးတို့၏ အထူးဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်များအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို အပြုသဘောဆောင်သည့် တိုးတက်မှုများရရှိအောင် ဆွေးနွေးနိုင်ခဲ့မှုအပေါ် မြန်မာရှီအာဟ်မွတ်စ်လင်မ် ဘာသာရေးအဖွဲ့(ဗဟို)က လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားကြေညာအပ်ပါသည်။

**မြန်မာရှီအာဟ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို)**

## လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)၏ ဝမ်းမြောက်ဂုဏ်ယူကြောင်း ထုတ်ပြန်ချက်

နေပြည်တော် မတ် ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit) တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ်ကဏ္ဍမျိုးစုံ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စများကို ခိုင်ခိုင်မာမာဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါသည်။

နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များအတွင်း နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုများမှ ရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုရလဒ်များအတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားများ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် ဆက်လက်ထမ်းပိုးသယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)က ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)**

## ပဲခူးမြို့၌ သနပ်ခါးအလှ မြန်မာကအစ၊ ခြင်းလုံးအစ သရေခေတ္တရာက ပွဲတော်အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

ပဲခူး မတ် ၉

ရိုးရာအားကစားနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူးကျင်းပသော သနပ်ခါးအလှ မြန်မာကအစ၊ ခြင်းလုံးအစ သရေခေတ္တရာက ပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၈ ရက် ညနေပိုင်းက ပဲခူးမြို့၊ ရွှေမော်ဓောစေတီတော်မြတ်ကြီး ယာဉ်ရပ်နားဝင်း၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်၊ လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်နှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်တို့က သနပ်ခါးအလှ မြန်မာကအစ၊ ခြင်းလုံးအစ သရေခေတ္တရာက ပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက သနပ်ခါးပြခန်းများ၊ ပျော်ရွှင်စွာ သနပ်ခါးလိမ်းခြယ်နေကြသော ဒေသခံပြည်သူများနှင့် ခြင်းအလှခတ် တင်ဆက်ဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် သနပ်ခါးအလှလိမ်းခြယ်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအဖွဲ့၊ တိုင်းဒေသကြီးရဲအဖွဲ့နှင့် တိုင်းစိုက်ပျိုးရေးအဖွဲ့တို့၏ သနပ်ခါးအလှလိမ်းခြယ် ယှဉ်ပြိုင်နေမှုကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက တစ်ခဲနက်ကြည့်ရှုအားပေးကြပြီး နိုင်ငံကျော်အနုပညာရှင်များကလည်း တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**



# ပန်းတိုင်သို့ ချီရာဝယ်

ပြည်စိုးညိမ်း

ရုရှားနှင့် မြန်မာ
မြန်မာနှင့် ရုရှား။
အချစ်မပျက်ပါဘု
ခေတ်အဆက်ဆက် မနေးကူလို့
အတွေးတူ အယူမကွဲပါပဲ
အရေးတယူ အတူတွဲတယ်
ခိုင်မြဲတဲ့အား။

၂၀၂၅ ခုနှစ် မတ်လ ၃ ရက်၊ ၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၅ ရက်။ အမိမြန်မာနိုင်ငံ၏ သာယာစင်ကြယ် ငြိမ်းချမ်းလှပသော နေ့ရက်တစ်ရက်။

“ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊ ဂိမှာန မာသေ ပဌမသ္မိံဂိမှေ – နွေလများတွင် နွေဦးအစဖြစ်သော၊ ကောင်းစွာပွင့်သော၊ ခက်ဖျားစုံရှိသောတောအုပ်သည် အသရေရှိဘိသကဲ့သို့ နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်ပိဋကတ်ကို နိဗ္ဗာနခေတ် အမြတ်ဆုံး အကျိုးစီးပွားအလို့ငှာ” ဟူ၍ ရတနသုတ်၌ နွေရာသီ၏ အဦးအစ အလှနှင့်အဓိပ္ပာယ်ကို နိဗ္ဗာနခေတ်တရားမြတ်နှင့် ရူပကပြုထားပါသည်။

ထိုနေ့သည်ကား ရုရှား–မြန်မာဆက်ဆံရေး သမိုင်းစာမျက်နှာတွင် မှတ်တိုင်အသစ်တစ်ခုကို ထပ်မံစိုက်ထူလိုက်နိုင်သော နေ့တစ်နေ့ပင်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladi–mirovich Putin ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီး အစပြုရာ နေ့ရက်ပင်ဖြစ်ပါ၏။

### မှတ်တိုင်အသစ်များ ထပ်မံစိုက်ထူ

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆောင်ရွက်မှုတို့မှာ နွေးထွေးမြဲ နွေးထွေးဆဲ၊ နီးကပ်မြဲ နီးကပ်နေဆဲပင်။ (၇၇)နှစ်တိုင် ကြာမြင့်ခဲ့ပြီဖြစ်သော နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေး ထူထောင်နိုင်ခဲ့သည့် သမိုင်းကြောင်းတစ်လျှောက် ယခင်ကာလများကလည်း ယခုလိုမှတ်တိုင်များ ရှိခဲ့ဖူးသည်။ အတိတ်တွင် လှပသောသမိုင်းပုံရိပ်များရှိခဲ့သလို မျက်မှောက်ကာလတွင်လည်း ယခုလို မှတ်တိုင်အသစ်များ ထပ်မံစိုက်ထူနိုင်မှုမှာ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ထောက်မကူညီခဲ့မှုများအတွက် ပကတိအရှိတရားများဟု ဆိုရပါမည်။

အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် လိုက်ပါလာသည့်အဖွဲ့ဝင်များ မတ် ၃ ရက်က မော်စကိုမြို့ မြန်မာထေရဝါဒဗုဒ္ဓစင်တာ သဒ္ဓမ္မဇောတိကသိမ်တော်အတွင်း၌ ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တအစ္ဆရိယထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး တရားတော်များနာယူကြည်ညိုကြစဉ်။

ဆွေးနွေးခြင်း၊ အစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ကာကွယ်ရေးဝန်ကြီး H.E. Mr. Andrei Removich နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် တွေ့ဆုံဆွေးနွေးခြင်းများအပါအဝင် ရုရှားအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို နိုင်ငံတော်နှင့် ပြည်သူအကျိုးကိုရှေးရှု၍ မှန်ကန်သောရည်ရွယ်ချက်၊ ခိုင်မာသောသန္နိဋ္ဌာန်၊ ပြင်းပြထက်သန်သော လုံ့လဉဿာဟတို့ဖြင့် အောင်မြင်စွာကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၅ ခုနှစ် မတ်လ ၃ ရက်နေ့ နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်မှ စတင်ထွက်ခွာသည်။ ယင်းနေ့ ဒေသစံတော်ချိန် ညနေပိုင်းမှာပင် မော်စကိုမြို့ရှိ ဘနုကာဘာအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြသည်။ မော်စကို၏ရာသီဥတုမှာ ဆောင်းနှောင်းကာလဟု ဆိုရပါမည်။ အအေးဓာတ်မှာ သိသိသာသာလွန်ကဲပြင်းထန်ခြင်းမရှိဘဲ သင့်တင့်မျှတရုံမျှရှိ၏။ သို့သော်ငြား အပူချိန်မှာ မိမိတို့နိုင်ငံရာသီဥတုနှင့် အတန်ငယ်ခြားနားသဖြင့် အနွေးထည်ထူထူကြီးများ ဝတ်ထားကြသည်ကို တွေ့ရသည်။ နိုင်ငံတော်အကြီးအကဲနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများမှာ နာရီပေါင်းများစွာ ခရီးနှင်ခဲ့ရသော်လည်း နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြမည်ဟူသော အားမာန်အပြည့်ဖြင့် လန်းဆန်းတက်ကြွနေသည်။

အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်မိုးကျော်တို့က နွေးထွေးလှိုက်လှဲစွာ ဆီးကြိုနေကြသည်။

လေယာဉ်ပေါ်မှအဆင်း အနီရောင်လျှောက်လမ်း၏ လက်ယာဘက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား အသင့်အနေအထားဖြင့် စောင့်ဆိုင်းလျက်ရှိသည်။

ယင်းမှာ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များကို ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုနေခြင်းပင်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲက အလေးပြုခံနေရာ၌ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူသည်။ ထိုသို့ဆောင်ရွက်နေစဉ် ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံနိုင်ငံတော်သီချင်းများကို တီးမှုတ်လျက် ဂုဏ်ပြုအလေးပြုသည်။

ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီးနောက် ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးက အကြီးအကဲအား ရုရှားနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးသည်။ အကြီးအကဲကလည်း မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးခြင်းဖြင့် နှစ်နိုင်ငံတာဝန်ရှိသူများအကြား အပြန်အလှန်နွေးထွေးမှုတို့ စတင်သန္ဓေတည်ခဲ့ကြသည်။

### ဆရာတော်ကို ဖူးမြော်ကြည်ညို

ထိုနေ့ညနေပိုင်းမှာပင် အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓစင်တာသို့ သွားရောက်၍ ဆရာတော်ကို ဖူးမြော်ကြည်ညိုကြသည်။

အကြီးအကဲသည် သဒ္ဓမ္မဇောတိကသိမ်တော်အတွင်း၌ ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တအစ္ဆရိယအား ဖူးမြော်ကြည်ညိုပြီးသည်နှင့် ဘာသာ၊ သာသနာအပေါ် အလေးအမြတ်ပြု ဦးထိပ်ထားသူပီပီ သာသနာရေးဆိုင်ရာကိစ္စရပ်များ၊ သီတင်းသုံးနေထိုင်ရမှုနှင့် သွားလာရေးအခြေအနေများ၊ ထေရဝါဒဗုဒ္ဓစင်တာအတွက် လိုအပ်ချက်များ၊ ရုရှားနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးနှင့် ပတ်သက်၍ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မေးမြန်းလျှောက်ထားလေသည်။ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် စီမံဆောင်ရွက်ပေးသည်။

မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓစင်တာမှာ ရုရှားနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ ဂဏာဓိပတိ သောဠသမရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရနှင့် အပြည်ပြည်ဆိုင်ရာ သာသနာပြုတက္ကသိုလ် ပါမောက္ခမဟာဌာနမှူး ဓမ္မဒူတဆရာတော် ဒေါက်တာ အရှင်ဆေကိန္ဒတို့၏ ဩဝါဒကိုခံယူ၍ ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **စာမျက်နှာ ၁၃ သို့** ✻

**“ခရီးစဉ်၏အတိမ်အနက်ကို တွေးဆကြည့်ရုံနှင့်ပင် အမိနိုင်ငံကို တိုးတက်ဖြစ်ထွန်းစေချင်သည့် မည်သူ့ကိုမဆို အားမာန်များ နိုးကြားတက်ကြွလာသည်အထိ ခံစားရစေမည်ဖြစ်သည်။ ပန်းတိုင်သို့ချီရာလမ်းဝယ် အကြီးအကဲနှင့်တကွ သူ၏ကိုယ်စားလှယ်တော်ကြီးများမှာ အမိနိုင်ငံတော်အကျိုးအတွက် တစ်ရံမလပ် စိတ်ကိုနှစ်၍ ရှေးရှုဆောင်ရွက်နေကြပုံမှာ ရှေ့သွားနောက်လိုက်ညီကြပါပေသည်။ သူတို့၏ အတွေးအာရုံထဲတွင် အမိနိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက်ဟူသည့် တစ်ကြောင်းတည်းသောရည်မှန်းချက်ကသာလျှင် အပြည့်အဝနေရာယူထားကြပုံရ”**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မတ် ၃ ရက်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော် ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုစဉ်။

❋ စာမျက်နှာ ၁၂ မှ

နိုင်ငံတော်အကြီးအကဲနှင့်ဇနီးအား အမှူးထား၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးနှင့် စစ်သံရုံးမိသားစုများ၊ ရုရှားနိုင်ငံတွင် ပညာတော်သင်ရောက်ရှိနေသည့် သင်တန်းသားမိသားစုများ၏ ပေါင်းစည်းညီညွတ်မှုဖြင့် ၂၀၁၃ ခုနှစ်တွင် စတင်စီစဉ်ကာ ၂၀၁၅ ခုနှစ်တွင် ကျောင်းရေစက်ချအခမ်းအနားကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ထို့အတူပင် မြန်မာ့ထေရဝါဒဗုဒ္ဓဝိဟာရ၌ ရဟန်းရှင်လူများ စိတ်အေးချမ်းသာစွာဖြင့် တရားအားထုတ်နိုင်ရန် သီတဂူဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ နိုင်ငံတော်အကြီးအကဲနှင့်ဇနီး၊ မြန်မာသံရုံးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ရဟန်းရှင်လူပြည်သူများ၊ ရုရှားနိုင်ငံရောက် ပညာတော်သင် သင်တန်းသားအရာရှိများ စုပေါင်းလှူဒါန်းခဲ့ခြင်းဖြစ်ပြီး ၂၀၂၀ ခုနှစ်တွင် နိုင်ငံတော်အကြီးအကဲနှင့် အလှူရှင်များက ရေစက်ချလှူဒါန်းခဲ့ခြင်းဖြစ်သည်။ ယခုအခါတွင် ရုရှားနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များသာမက အိမ်နီးချင်းနိုင်ငံများမှ ဗုဒ္ဓဘာသာဝင်များအတွက်ပါ သာသနာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အလေးထားရသည့်နေရာတစ်ခုဖြစ်ကြောင်း ဝမ်းမြောက်ကြည်နူးဖွယ် သိရှိရသည်။

ခရီးစဉ်ပထမနေ့ရက်မှာပင် မိမိတို့အထွတ်အမြတ်ထားရာ ဘာသာတရား၏ အရိပ်အာဝါသကို ခိုလှုံလိုက်ရသဖြင့် ကိုယ်စားလှယ်တော်ကြီးများမှာ ရေခြားမြေခြားသို့ ရောက်ရှိနေလင့်ကစား စိတ်ဓာတ်ခွန်အားများ တိုးပွားလျက်ရှိသည်။ အချိန်မှာ ညဘက်သို့ ချဉ်းကပ်လာပြီဖြစ်ရာ အအေးဓာတ်က အနည်းငယ်ပိုလွှမ်းလာသလို ခံစားရသည်။ အခန်းတွင်း အပူချိန်ကမူ အနွေးပေးစက်များအစွမ်းဖြင့် သင့်တင့်ရုံမျှရှိနေသည်။

ယခုခရီးစဉ်မှာ သာမန်ထက်ပိုသည့် ချစ်ကြည်ရေးခရီးစဉ်တစ်ခုဖြစ်သည်။ နိုင်ငံတော်နှင့်ပြည်သူအတွက် ကြီးလေးသောတာဝန်ဝတ္တရားများပါသည်ကို တွေ့ရသည်။ တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးဖြစ်ထွန်းစေမည့် ကြီးမားသောဆောင်ရွက်ချက်များပါသည်ကို တွေ့ရသည်။ ခရီးစဉ်တစ်လျှောက် တွေ့ဆုံဆွေးနွေးမှုများ၊ စာချုပ်ချုပ်ဆိုခြင်းနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းများ၊ တွေ့ဆုံဆွေးနွေးရာမှ ထွက်ပေါ်လာသောသဘောတူညီချက်များကို နှစ်နိုင်ငံပူးတွဲထုတ်ပြန်ကြေညာခြင်း စသည်ဖြင့် ကျယ်ပြန့်လေးနက်သောလုပ်ငန်းဆောင်တာများ ပါဝင်နေသည်။

ခရီးစဉ်၏ အတိမ်အနက်ကို တွေးဆကြည့်ရုံနှင့်ပင် အမိနိုင်ငံကို တိုးတက်ဖြစ်ထွန်းစေချင်သည့် မည်သူ့ကိုမဆို အားမာန်များ နိုးကြားတက်ကြွလာသည်အထိ ခံစားရစေမည်ဖြစ်သည်။

**အားကြိုးမာန်တက်ဆောင်ရွက်**

ခရီးစဉ် ဒုတိယနေ့တွင် ဆောင်ရွက်ဖွယ်ရာတို့မှာ နံနက်မှ ညတိုင်သည်အထိ များပြားလှစွာ အသင့်စောင့်ကြိုနေကြသည်။ နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ တိုင်းကျိုးပြည်ကျိုးရွက်သယ်ပိုးသည့်နေရာတွင် "စက္ကန့်လေးတွေ စိန်စီထားသည်"ဟု ဆိုရမတတ်ပင် အချိန်ကို တလေးတစား တန်ဖိုးထားကြပုံရသည်။ အိပ်စက်အနားယူချိန်ဖြစ်သော်လည်း နိုင်ငံတော်အကြီးအကဲနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများမှာ မိမိတို့အခန်းကဏ္ဍအလိုက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ကြလျက်ရှိသည်။ ခရီးစဉ်မစတင်မီကပင် ကြိုတင်ပြင်ဆင်ခဲ့ကြပြီးဖြစ်သော်လည်း အချိန်နှင့်အမျှပြောင်းလဲလာနိုင်သည့် အချို့အကြောင်းအရာများအတွက် မတိုင်မီကာလအထိ ပြင်ဆင်မှုကိုမလျှော့ကြချေ။ ကောင်းသည်ထက်ကောင်းအောင်၊ ပြည့်စုံသည်ထက်ပြည့်စုံအောင် အားကြိုးမာန်တက်ဆောင်ရွက်ကြလျက်ရှိသည်။

အကြီးအကဲမှာ ခရီးစဉ်ပထမဆုံးနေ့မှာပင် အနားမယူနိုင်သေးဘဲ လုပ်ငန်းတာဝန်များ တရစပ်ဆောင်ရွက်နေသော်လည်း မောပန်းနွမ်းနယ်ဟန်မရှိ၊ ရွှင်လန်းတက်ကြွလျက်ရှိသည်ကို သတိပြုမိသည်။

ပန်းတိုင်သို့ချီရာလမ်းဝယ် အကြီးအကဲနှင့်တကွ သူ၏ကိုယ်စားလှယ်တော်ကြီးများမှာ အမိနိုင်ငံတော်အကျိုးအတွက် တစ်ရံမလပ် စိတ်ကိုနှစ်၍ ရှေးရှုဆောင်ရွက်နေကြပုံမှာ ရှေ့သွားနောက်လိုက်ညီကြပါပေသည်။ သူတို့၏ အတွေးအာရုံထဲတွင် အမိနိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက်ဟူသည့် တစ်ကြောင်းတည်းသော ရည်မှန်းချက်ကသာလျှင် အပြည့်အဝ နေရာယူထားကြပုံရသည်။

ခရီးစဉ်၏ ပထမဆုံးသောနေ့ဟုဆိုသည့်တိုင်သည်သို့လျှင် ပညာ၊ သဒ္ဓါ၊ ဝီရိယတည်းဟူသော အင်္ဂါရပ်သုံးတန်ဖြင့် အရှိန်အဟုန်ကောင်းစွာ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများက အမိနိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့်ရလဒ်ကောင်းများလည်း ထွက်ပေါ်လာတော့မည်ကို ထင်ရှားစွာ ပြဆိုနေပါသတည်း။ ။

## နှစ်ပြည်ထောင် ရှေ့ခရီး

❖ ခေါင်းဆောင်ချင်းချင်း၊ ချစ်ကြည်ခြင်းဖြင့်
အစိုးရချင်းချင်း၊ ဆက်ဆံခြင်းဖြင့်
ပြည်သူချင်းချင်း၊ ထိတွေ့ခြင်းဖြင့်
ရင်းနှီးခြင်း၊ ချစ်ကြည်ခြင်း
ယုံကြည်ခြင်း၊ နားလည်ခြင်း
ပူးပေါင်းခြင်း၊ လုပ်ဆောင်ခြင်း
ကောင်းခြင်းဖြာဖြာ၊ မင်္ဂလာတို့
မြန်မာ-ရုရှား၊ နှစ်ပြည်ကြားဝယ်
ထွန်းကား တိုးတက်ခဲ့ပြီ တကား။

❖ ရေခြား မြေကွာ၊ ရှိနေပါလည်း
ခင်ရာ ဆွေမျိုး၊ ဆတိုး ရင်းနှီး
တိုးပြီး ပူးပေါင်း၊ အားကောင်း ရှေ့ဆက်
အဘက်ဘက်တည့်၊ တိုးတက် ခိုင်မာ
မဟာဗျူဟာအဆင့်၊ ထပ်ဆင့်မြှင့်လျက်
ဖွံ့ဖြိုးစေရန်၊ သန္နိဋ္ဌာန်ဖြင့်
ရည်သန် လုပ်ဆောင်နေသည် တကား။

❖ ဪ ... သူ့အရေး ကိုယ့်အရာ
သူ့အရာ ကိုယ့်အရေး
ခွဲမတွေးဘဲ၊ သွေးသားဟူဘိ
ခံယူသိလျက်
မိသားစုပမာ၊ အသိအကြားပြုကာ
ခိုင်မာသွေးစည်း၊ ရှေ့ခရီးဝယ်
ပိုပြီး ကောင်းမွန်၊ သာလွန် ဂုဏ်ဒြပ်
အရပ်ရပ်ကို
ပေါင်းစပ်ဖော်ဆောင် နိုင်စေသော်ဝ်။
မြန်မာ-ရုရှား အကြည်တော်။ ။

မျိုးမြတ်မြတ်မြင့်မောင်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ



**နေပြည်တော် မတ် ၉**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၏ (၁၅) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာငွေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ(ငြိမ်း) ဦးတင်အေး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ကော်မရှင် အဖွဲ့ဝင်(ငြိမ်း) ဦးညွန့်တင်၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၁၅ နှစ်တာ ကာလအတွင်း ကော်မရှင်အသီးသီးမှ အထွေထွေ ရွေးကောက်ပွဲ သုံးကြိမ်နှင့် ကြားဖြတ်ရွေးကောက်ပွဲ သုံးကြိမ် ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိကော်မရှင်အနေဖြင့် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ ကော်မရှင်၏ မှားယွင်းသော လုပ်ဆောင်ချက်များကို သုံးသပ်၍ လာမည့် အထွေထွေရွေးကောက်ပွဲကို ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ပြီး ကျင်းပနိုင်ရေး ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် အနေဖြင့်လည်း အခက်အခဲ အမျိုးမျိုးကြားမှ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက် ဖြစ်သည့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး တာဝန်သိစိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေးအခြေအနေအရ တိမ်းရှောင်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တွဲဖက်တာဝန်ထမ်းဆောင် နေကြသော ကော်မရှင်ရုံး ဝန်ထမ်းများအား ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက လိုအပ်သည့် အပိုင်းများ၌ ကူညီဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။




ယင်းနောက် ၂၀၂၄ ခုနှစ် တစ်နှစ်တာ ကာလအတွင်း နည်းပညာ ထူးချွန်တံဆိပ် (တတိယဆင့်)၊ စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (ဒုတိယဆင့်)နှင့် (တတိယဆင့်) ရရှိသည့်ဝန်ထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သောင်းကျန်းသူများ၏ အန္တရာယ်များကြားက တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများနှင့် ဌာနပိုင်ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ခဲ့သူများ၊ သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့သူများ စုစုပေါင်းဝန်ထမ်း ၁၁ ဦးနှင့် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာဂုဏ်ထူးရရှိသူ တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ တစ်ဦး၊ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲ မြန်မာတစ်နိုင်ငံလုံး ဒုတိယဆုရရှိသူ တစ်ဦး စုစုပေါင်း ဝန်ထမ်းမိသားစုဝင် သုံးဦးတို့ကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခြင်း၊ ကျပ်သိန်း ၁၀၀ ခန့် တန်ဖိုးရှိ ဆုမဲများနှင့် ဆုငွေများ ဗလာမပါ ကံစမ်းမဲဖောက်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၄)ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၉**

(၂၄)ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနမှ ကျောင်းသား ကျောင်းသူများနှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူများက "ပန်းတိုင်းပွင့်ပါစေ" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသက်လွင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်ကျော်က ဦးတည်ချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အဖွင့်တေးသီချင်း သီဆိုကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ပညာရေးဝန်ကြီးဌာန (၂၄)ကြိမ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံတွင် သုတေသနစာတမ်းများကို မတ် ၉ ရက်မှ ၁၁ ရက်အထိ ဖတ်ကြားသွားမည်ဖြစ်ပြီး ဘာသာရပ်ဆိုင်ရာဌာနများတွင် ဝိဇ္ဇာပညာရပ်စာတမ်း ၁၁၉ စောင်၊ သိပ္ပံပညာရပ်စာတမ်း ၁၅၅ စောင်၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်ခန်းမ၌ စာတမ်း ၂၈ စောင်၊ ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ပညာရေးဆိုင်ရာ ပညာရေးစိတ်ပညာဆိုင်ရာစာတမ်း ၇၀ စုစုပေါင်းစာတမ်း ၃၇၂ စောင်တို့ကို ဖတ်ကြားဆွေးနွေးကြမည်ဖြစ်သည်။



အဆိုပါ (၂၄)ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသန ညီလာခံတွင် တင်သွင်းဖတ်ကြားသည့် သုတေသန စာတမ်းများမှ ဘာသာရပ်နယ်ပယ်အလိုက် အကောင်းဆုံး သုတေသနစာတမ်းဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တီးတိန်မြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးပွဲအခမ်းအနားကျင်းပ



**တီးတိန် မတ် ၉**

ချင်းပြည်နယ် တီးတိန်မြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးပွဲအခမ်းအနားကို မတ် ၇ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း တီးတိန်စံကိုက်ညီကျောင်းဆောင်၌ ကျင်းပသည်။

ဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ပညာရေးမှူး ဦးအောင်တင့်က အားပေးစကားပြောကြားပြီး ပြည်နယ်အစိုးရကပေးအပ်သောငွေများ၊ ဖြည့်စွက်အာဟာရအစားအစာနှင့် ဆေးဝါးများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။

ချင်းပြည်နယ်အစိုးရအဖွဲ့က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် တီးတိန်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်းမှ ကျောင်းအုပ်ကြီးများအား တစ်ဦးလျှင် ငွေကျပ်ငါးသိန်း၊ သင်ကြားရေးဆရာ ဆရာမများအားတစ်ဦးလျှင် ငွေကျပ်သုံးသိန်း၊ ကျောင်းသား ကျောင်းသူများအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ဖြည့်စွက်အာဟာရအစားအစာနှင့် ဆေးဝါးများ ပေးအပ်ရာ စုစုပေါင်းတန်ဖိုးကျပ်သိန်း၂၉၀ ခန့် ပေးအပ်သည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ဆေးရုံအုပ်နှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မိုးမိုး**

# နီပေါလေးနိုင်ငံ အမျိုးသမီးဘောလုံးဖိတ်ခေါ်ပြိုင်ပွဲ ချန်ပီယံမြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းအားဂုဏ်ပြုပွဲ ကျင်းပ

## ဆုငွေစုစုပေါင်း ငွေကျပ်သိန်း ၅၇၃၀ ချီးမြှင့်




**ရန်ကုန် မတ် ၉**

နီပေါနိုင်ငံ၌ ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၆ ရက်အထိကျင်းပသည့် လေးနိုင်ငံ အမျိုးသမီးဘောလုံးဖိတ်ခေါ်ပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအားဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီခွဲက Novotel Yangon Max ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၏ ပြိုင်ပွဲတစ်လျှောက် ယှဉ်ပြိုင်ခဲ့မှုရုပ်သံမှတ်တမ်းကို ထုတ်လွှင့်ပြသသည်။ ယင်းနောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် အောင်ပွဲရမြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ KBZ Bank၊ ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီ၊ Max Energy၊ Max Cement၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇနှင့် စေတနာရှင်၊ အလှူရှင်များက ဂုဏ်ပြုဆုငွေများချီးမြှင့်ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေစုစုပေါင်း ငွေကျပ်သိန်း ၅၇၃၀ ကို မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း အုပ်ချုပ်/နည်းပြအဖွဲ့ဝင်များနှင့် ကစားသမားများကို ပြန်လည်ချီးမြှင့်သည်။

ယင်းနောက် အောင်ပွဲရမြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းကိုယ်စား တိုက်စစ်မှူး ဝင်းသီရိထွန်းနှင့် တိုက်စစ်ကစားသမား မေထက်လူတို့က ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာသူများနှင့် အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲတွင် နီပေါ၊ ကာဂျစ္စတန်၊ လက်ဘနွန်အသင်းတို့နှင့် လေးသင်းပတ်လည် ယှဉ်ပြိုင်ကစားခဲ့ပြီး အုပ်စုပွဲများတွင် လက်ဘနွန်အသင်းကို သုံးဂိုး–တစ်ဂိုး၊ ကာဂျစ္စတန်အသင်းကို ငါးဂိုးပြတ်အနိုင်ရ၍ အိမ်ရှင်နီပေါအသင်းနှင့် နှစ်ဂိုးစီသရေကျကာ အုပ်စုပထမဖြင့် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည်။ ဗိုလ်လုပွဲတွင် အိမ်ရှင်နီပေါအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ယူပြီး ချန်ပီယံဆုထိုက်ထိုက်တန်တန် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**သတင်း – ကိုညီလေး**
**ဓာတ်ပုံ – သော်ကြီး**

# ဒုတိယဝန်ကြီးဦးထိန်လင်း ရန်ကုန်မြို့ရှိ အားကစားကွင်း / အားကစားရုံများ ကြည့်ရှုစစ်ဆေး



**ရန်ကုန် မတ် ၉**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်တို့နှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် မြန်မာ့သိုင်းသင်တန်းကျောင်းသို့ရောက်ရှိပြီး နွေရာသီ အားကစားသင်တန်းတက်ရောက်နေသော သင်တန်းသား သင်တန်းသူများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေး၍ မျိုးဆက်သစ် အားကစားသမားများ ရှာဖွေဖော်ထုတ်နိုင်ရေးနှင့် မြန်မာ့သိုင်းအားကစား ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ ရေကူးကန်သို့ ရောက်ရှိပြီး ပရိသတ် ၄၅၀ ဆံ့ RC–2 နှစ်ထပ်ပွဲကြည့်စင် ဆောက်လုပ်ပြီးစီးမှု၊ ရေကူးကန် ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေကူးအားကစားသမားများ ပေါ်ထွက်စေရန် ပြိုင်ပွဲများကျင်းပနိုင်ရေး မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းသို့ ရောက်ရှိပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် စခန်းသွင်း လေ့ကျင့်လျက်ရှိသည့် အားကစားသမားများနှင့် တွေ့ဆုံ၍ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်များဆွတ်ခူးနိုင်ပြီး မိမိနှင့် မိမိအားကစားနည်း၊ အဖွဲ့ချုပ်၊ နိုင်ငံတော်အတွက် ဂုဏ်ဆောင်နိုင်သူများဖြစ်အောင် ကြိုးစားကြရန်၊ စိတ်ဓာတ်ကောင်းမွန်ပြီး အောင်နိုင်စိတ်များဖြင့် လေ့ကျင့်မှုများကို ထပ်ခါထပ်ခါ ကြိုးစားလေ့ကျင့်ကြရန်မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ်သို့ ရောက်ရှိပြီး (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲအတွက် စခန်းသွင်းထားသော အားကစားသမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကာ ထမင်းစားဆောင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ်ရှိ မြသီတာအားကစားကွင်းသို့ရောက်ရှိပြီး ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် တည်ဆောက်နေသည့် မြသီတာမိုးလုံလေလုံ အားကစားရုံ တည်ဆောက်မည့် မြေနေရာနှင့် မြသီတာ ဘောလုံးကွင်း တည်ဆောက်မှုတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်

## မြန်မာ့လက်ရွေးစင် ဘောလုံး၊ ဖူဆယ် အမျိုးသားနှင့် အမျိုးသမီးအသင်းများ အောင်မြင်မှုရရှိရေးအတွက် ရောဝတီဘဏ်မှ ကူညီပံ့ပိုးခြင်းအခမ်းအနား ပြုလုပ်




**ရန်ကုန် မတ် ၉**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ဘောလုံး၊ ဖူဆယ် အမျိုးသားနှင့် အမျိုးသမီးအသင်းများ အောင်မြင်မှုရရှိရေးအတွက် ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီက ကူညီပံ့ပိုးခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲက Novotel Yangon Max ဟိုတယ်၌ ပြုလုပ်သည်။

အခမ်းအနားတွင် ဆီးဂိမ်းပြိုင်ပွဲ အောင်နိုင်ရေးအတွက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီသို့ ရောဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇတို့က ငွေကျပ်သိန်း ၁၀၀၀ စီ လှူဒါန်းသည်။ ယင်းနောက် မြန်မာ့လက်ရွေးစင် ဘောလုံး၊ ဖူဆယ် အမျိုးသားနှင့် အမျိုးသမီးအသင်းများ အောင်မြင်မှုရရှိရေးအတွက် ရောဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီက ငွေကျပ်သိန်းတစ်သောင်း ကူညီပံ့ပိုးမည့် သဘောတူစာချုပ်ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇနှင့် အထွေထွေ အတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ ရောဝတီဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီမှ တာဝန်ရှိသူများက လက်မှတ်ရေးထိုးကြပြီး အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်သည်။

**ခန့်အပ်ထား**

(၃၃) ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲကို ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဘောလုံးအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်း၊ ဖူဆယ်အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်း စုစုပေါင်း လေးသင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အောင်မြင်မှုရယူနိုင်ရန်ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သည်။ မြန်မာ ယူ–၂၂ အမျိုးသား ဘောလုံးအသင်း၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတို့ကို ဂျပန်နည်းပြ၊ မြန်မာ့လက်ရွေးစင် အမျိုးသား ဖူဆယ်အသင်းကို ထိုင်းနိုင်ငံသားနည်းပြတို့ ခန့်အပ်ထားပြီး လက်ရွေးစင်အမျိုးသမီး ဖူဆယ်အသင်းအတွက်လည်း နည်းပြသစ်တစ်ဦး မကြာမီခန့်အပ်သွားမည်ဖြစ်သည်။

**သတင်း–ကိုညီလေး**
**ဓာတ်ပုံ–သော်ကြီး**

■

# ဆိုလာ ပါဝါကားများ လာတော့မည်လား

ရွှေသင် ( MPP )

**အီးဗွီကားမှသည် ဆိုလာပါဝါကားဆီသို့**


ကမ္ဘာကြီးသည် တီထွင်ကြံဆမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုအပေါ် စိုးရိမ်ထိတ်လန့်မှုစသဖြင့် အကောင်းအဆိုးပေါင်းစုံ ရောယှက်လျက် သက်ရောက်မှုများလည်း အဆက်မပြတ်ဖြစ်ပေါ်လျက်ရှိနေသည်။

လူသားတို့သည် မော်တော်ယာဉ်အသုံးပြုမှုကဏ္ဍတွင် ရုပ်ကြွင်းလောင်စာဆီတို့ကိုအသုံးပြုမောင်းနှင်နေသည့်အခြေအနေမှ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ အရင်းအမြစ်ရှားပါးလာမှု၊ စရိတ်စကကြီးမြင့်လာမှုတို့ကြောင့် အီးဗွီ ( Electric Vehicle–EV) ခေါ် လျှပ်စစ်ဓာတ်အားသုံးကားများ တီထွင်အသုံးပြုသည့်အခြေအနေဖြစ်လာသည်။ အီးဗွီကားများ လူကြိုက်များလာ၍။ ဈေးကွက်တွင်ကျယ်လာသည်။ ထိုသို့ တဖြည်းဖြည်းပြောင်းလဲလျက် တစ်ကမ္ဘာလုံး နေရာအနှံ့ အီးဗွီကားများ တွင်တွင်ကျယ်ကျယ် အသုံးမပြုနိုင်သေးသည့်အချိန်တွင် နေရောင်ခြည်စွမ်းအင်သုံး မော်တော်ယာဉ်ခေါ် ဆိုလာပါဝါကား(Solar Powered Car)ထပ်ဆင့်တီထွင်အသုံးပြုနိုင်ရေး ကြိုးစားလာကြပြန်သည်။ ဆိုလာပါဝါကားဆိုသည်မှာ နေရောင်ခြည်စွမ်းအားမှရရှိသည့် လျှပ်စစ်ဓာတ်အားဖြင့် မောင်းနှင်သည့် မော်တော်ယာဉ်ဖြစ်သည်။

**ကာဗွန်ဓာတ်ငွေ့လျှော့ချခြင်းနှင့် ဆိုလာပါဝါကား**

ကမ္ဘာတစ်ဝန်းရှိ မြို့ကြီးပေါင်း ၁၀၀ တွင် နေရောင်ခြည်စွမ်းအင်သုံး မော်တော်ကားများ၏ အသုံးပြုနိုင်မှုအလားအလာများနှင့် ပတ်သက်၍ လေ့လာမှုတစ်ခု၏တွေ့ရှိချက်အရ ဆိုလာစွမ်းအင်သည် အားသွင်းရန် လိုအပ်ချက်ရှိသည့်အချက်များကို ထက်ဝက်လျှော့ချနိုင်ပြီး တစ်ရက်လျှင် ခရီးအကွာအဝေး ၁၁ ကီလိုမီတာမှ ၂၉ ကီလိုမီတာအထိ ပိုမိုပံ့ပိုးပေးနိုင်သည်ဟု သိရသည်။

ကမ္ဘာတစ်ဝန်း အီးဗွီခေါ် လျှပ်စစ်ကားများကို လျှင်လျှင်မြန်မြန်ပင် လက်ခံအသုံးပြုနေကျသော်လည်း မော်တော်ယာဉ်မှ ထုတ်လွှတ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့နှင့်ပတ်သက်၍ လုပ်ဆောင်စရာများလိုအပ်နေသေးသည်။ သယ်ယူပို့ဆောင်ရေးကဏ္ဍသည် တစ်ကမ္ဘာလုံးတွင် ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$) ထုတ်လွှတ်မှု၏ သုံးပုံတစ်ပုံခန့်အတွက် တာဝန်ရှိနေသေးသည်။ ထို့ကြောင့် ကာဗွန်ဓာတ်ငွေ့ လျှော့ချရေး ရည်မှန်းချက်ကိုရရှိစေရန်အတွက် ရွေ့လျားသောအရာဝတ္ထုများ၏ ကာဗွန်ထုတ်လွှတ်မှုများကို သိသိသာသာလျှော့ချရန်



လိုအပ်လျက်ရှိနေသည်ဟုဆိုသည်။

ဆိုလာပါဝါသုံးကားများတွင် လျှပ်စစ်စွမ်းအင်ထုတ်လုပ်သည့် ဖိုတိုဗိုတေးအစ်မော်ဂျူး (photo–voltaic modules )များ ဖြည့်ဆည်းပေါင်းထည့်ခြင်းသည် ကာဗွန်ထုတ်လုပ်မှုလျော့ကျခြင်း၊ အားသွင်းစရိတ်နှင့် အားသွင်းအကြိမ်ရေ လျှော့ချနိုင်ခြင်းဖြင့် ပိုမိုကောင်းမွန်သည့်ရည်ရွယ်ချက်ကိုဖြည့်ဆည်းပေးနိုင်သည်ဟု ကျွမ်းကျင်သူပညာရှင်တို့ကဆိုသည်။

**ဆိုလာပါဝါ အခက်အခဲ**

ယနေ့ခေတ်မြို့ကြီးများသည် လျှပ်စစ်ကားများအတွက် အဓိကဈေးကွက်ဖြစ်လာနေပြီး ခရီးတိုအကွာအဝေးများအတွက် ဆိုလာပါဝါသုံးကားများသည်လည်း အထူးစိတ်ဝင်စားဖွယ်ကောင်းသည့်အခြေအနေတွင်ရှိနေသည်။ အားသွင်းစရာမလိုသောဆိုလာလျှပ်စစ်ကား ခေါ် ဆိုလာပါဝါကားများမှာ တီထွင်သူများအတွက်သာမက သုံးစွဲသူများအတွက်ပါ နောက်ထပ်စိတ်ဝင်စားစရာကောင်းသည့်ကိစ္စဖြစ်လာသည်။

သို့သော် မြို့ပြဧရိယာများရှိ လမ်းမကြီးများတွင် အဆောက်အအုံများ၊ သစ်ပင်များနှင့် နေရောင်ခြည်ကိုကာထားသည့် အခြားသောအတားအဆီး၊ အရိပ်အကာအများအပြားရှိနေသောကြောင့် ဆိုလာပါဝါရရှိရေးမှာ သတိထားစရာဖြစ်နေသည်။ မောင်းနှင်နေသော ဆိုလာပါဝါကားများပင် နေရောင်ခြည်စွမ်းအင်ရရှိနိုင်မှု အလားအလာမှာ ကန့်သတ်ထားသည့် အခြေအနေတွင်ရှိသည်ဟု ဆိုသည်။ ရပ်ထားသော ဆိုလာပါဝါကားများအတွက်ဆိုလျှင် နေရောင်ခြည်စွမ်းအင်ရရှိရေးမှာ ပို၍ပင်အားနည်းပေလိမ့်မည်။ ဆိုလာပါဝါသုံးမော်တော်ကားနှင့်ပတ်သက်၍ လေ့လာမှု၏ရည်ရွယ်ချက်မှာ မြို့ပြများတွင်ရှိနေသည့် နေရောင်ခြည်ကိုအကာအကွယ်ပြုနေသော အရိပ်များ၏ အကျိုးသက်ရောက်မှုသည် ဆိုလာပါဝါကားများတွင်ကျယ်စွာအသုံးပြုနိုင်မှု အလားအလာ အပေါ် သိသိသာသာကန့်သတ်မှုများ ဖြစ်နိုင်ခြင်း ရှိ/မရှိ သုံးသပ်အကဲဖြတ်ရန်ဖြစ်သည်ဟု ပေါ်တူဂီ လစ်စဘွန်းတက္ကသိုလ် သိပ္ပံပညာဌာန Instituto Dom Luiz မှ လေ့လာမှုတွင်ပါဝင်သည့်သုတေသီ Miguel Centeno Brito က ရှင်းပြထားသည်။

**သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မည့် အနာဂတ်မြို့ပြများ အသွင်ကူးပြောင်းနိုင်ရေး**

တစ်ကမ္ဘာလုံးတွင် ဆိုလာပါဝါသုံးကားများ အသုံးပြုနိုင်သည့် အလားအလာရှိသော ဒေသများနှင့်ပတ်သက်၍လည်း လေ့လာခဲ့ကြသည်။ တရုတ်နိုင်ငံ၊ အာဖရိက၊ အရှေ့အလယ်ပိုင်းဒေသ၊ ဥရောပတောင်ပိုင်းနှင့် အရှေ့တောင်အာရှဒေသရှိ မြို့ကြီးများသည် နေရောင်ခြည်စွမ်းအင်သုံးမော်တော်ကားများအတွက် အသင့်တော်ဆုံးနေရာများဖြစ်ကြောင်း လေ့လာမှုက ဖော်ထုတ်တွေ့ရှိခဲ့သည်။ ကမ္ဘာ့အခြားသောဒေသများလည်း ရှိနိုင်ပါသေးသည်။ မြို့ကြီးများတွင် နေရောင်ခြည်ရရှိမှုကို အဟန့်အတားဖြစ်စေသော အရိပ်များကြောင့် ဖြစ်ပေါ်လာသောဆုံးရှုံးမှုသည် ၂၅ ရာခိုင်နှုန်းဝန်းကျင်သာရှိပြီး ဆိုလာပါဝါသုံးကားဈေးကွက်ကို ကျယ်ကျယ်ပြန့်ပြန့် ထိခိုက်ဖြစ်ပေါ်လာနိုင်ခြေမရှိဟုလည်းဆိုထားသည်။

လေ့လာမှုကိုပြုလုပ်ခဲ့သော သုတေသနအဖွဲ့သည် ဆိုလာပါဝါသုံးမော်တော်ယာဉ်မော်ဒယ်ကို စမ်းသပ်စစ်ဆေးရန် နိုင်ငံသားသိပ္ပံပညာရှင်များနှင့်စမ်းသပ်မှုကိုစတင်ခဲ့သည်။ တိုးပွားလာသော မြို့ပြလူဦးရေနှင့်အတူ သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်၍ စိုးရိမ်မှုများပို၍ကြီးမားလာချိန်တွင် ဆိုလာပါဝါသုံးမော်တော်ကားကို အသုံးပြုရန် သင့်တော်သည့်အချိန် ဖြစ်၊ မဖြစ်ကိုမူ တထစ်ချပြောရန် ခက်ခဲနေသေးသည်ဟုဆိုကြသည်။ သုတေသီ Miguel Centeno Brito ကမူ “ကျွန်ုပ်တို့၏ လေ့လာမှုရလဒ်များသည် ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော မြို့ပြအနာဂတ်ဆီသို့ အသွင်ကူးပြောင်းနိုင်ရေးလုပ်ဆောင်နေသည့် မူဝါဒချမှတ်သူများနှင့် မော်တော်ကားထုတ်လုပ်သည့်လုပ်ငန်းများကြား လမ်းပြမြေပုံကို ချမှတ်ရာတွင် အထောက်အကူဖြစ်စေနိုင်သည်”ဟုလည်း သုံးသပ်စကားဆိုထားသည်။

**ဆိုလာပါဝါကားအတွက် ကြိုတင်ပြင်ဆင်စရာများ**

ဖော်ပြခဲ့သော လေ့လာမှုကို လူဇင်ဘတ် သိပ္ပံနှင့်နည်းပညာ အင်စတီကျု( Luxembourg Institute of Science and Technology–LIST) နှင့် ပြင်သစ်နိုင်ငံ ပဲရစ်သုတေသနအဖွဲ့ Mines Paris–PSL တို့မှ သုတေသီများပူးပေါင်းလျက် ပေါ်တူဂီ လစ်စဘွန်းတက္ကသိုလ်သိပ္ပံပညာဌာနမှ သုတေသီများက အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပေသည်။

လက်တွေ့အခြေအနေတွင် နေရောင်ခြည်ကို လျှပ်စစ်စွမ်းအင်ပြောင်း၍ လျှပ်စစ်ကားများအဖြစ် အသုံးပြုနိုင်မှုတွင်ကျယ်လာပါက ကမ္ဘာ့လူသားတို့စိုးရိမ်နေကြသည့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုများသက်သာရာရလာနိုင်သည်။ သို့သော် ဆိုလာပါဝါ ခေါ် နေရောင်ခြည်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်ရေးအတွက် မော်တော်ယာဉ်တွင် လိုအပ်သောအစိတ်အပိုင်းများ တပ်ဆင်နိုင်ရေးအတွက် တီထွင်လုပ်ကိုင်စရာများရှိနေသေးသကဲ့သို့ မော်တော်ယာဉ်၏ ဆိုလာပါဝါအသုံးပြုနိုင်စွမ်း၊ အသုံးပြုမည့်နေရာနှင့် ဒေသများတွင် နေရောင်ခြည်စွမ်းအင်ရရှိနိုင်မှုအခြေအနေ စသည်ဖြင့် ကြိုတင်ပြင်ဆင်ထားရမည့်အခြေအနေများစွာ ရှိနေသေးသည်ဟု သုံးသပ်ထောက်ချက်ချနေကြသည်။ ။



> **“နေရောင်ခြည်ကို လျှပ်စစ်စွမ်းအင်ပြောင်း၍ လျှပ်စစ်ကားများအဖြစ် အသုံးပြုနိုင်မှုတွင်ကျယ်လာပါက ကမ္ဘာ့လူသားတို့စိုးရိမ်နေကြသည့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုများသက်သာရာရလာနိုင်သည်။ သို့သော် ဆိုလာပါဝါ ခေါ် နေရောင်ခြည်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်ရေးအတွက် မော်တော်ယာဉ်တွင် လိုအပ်သောအစိတ်အပိုင်းများ တပ်ဆင်နိုင်ရေးအတွက် တီထွင်လုပ်ကိုင်စရာများ ရှိနေသေးသကဲ့သို့ မော်တော်ယာဉ်၏ ဆိုလာပါဝါအသုံးပြုနိုင်စွမ်း၊ အသုံးပြုမည့် နေရာနှင့် ဒေသများတွင် နေရောင်ခြည်စွမ်းအင်ရရှိနိုင်မှုအခြေအနေ စသည်ဖြင့် ကြိုတင်ပြင်ဆင်ထားရမည့်အခြေအနေများစွာရှိ”**

# ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ပုသိမ် မတ် ၉

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁) ၌ ပြုလုပ်သည့် ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကော်မတီများအနေဖြင့် မိမိတို့အား ပေးအပ်ထားသည့်တာဝန်များကို ပီပီပြင်ပြင် အမှားအယွင်းကင်းကင်းဖြင့်ကျေပွန်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ဆရာတော်၊ သံဃာတော်များ၊ သာမဏေများနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများ ယာယီသီတင်းသုံးနေထိုင်နိုင်ရေး၊ ဝေယျာဝစ္စများဆောင်ရွက်ပေးနိုင်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများပေးနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာသည့် လုပ်ငန်းကော်မတီများ၏ အထွေထွေဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ခြင်းမင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ကော်မတီများအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးမှ နိုင်ငံတော်အဆင့် ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားသို့ ကြွရောက်မည့် အဘိဓဇမဟာရဋ္ဌဂုရု တစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတ နှစ်ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ နှစ်ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သုံးပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ခြောက်ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ တစ်ပါး စုစုပေါင်း ၁၅ ပါး ကြွရောက်တော်မူမည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းမည့် မဟာဂန္ထဝါစကပဏ္ဍိတ တစ်ပါး၊ ဂန္ထဝါစကပဏ္ဍိတ ငါးပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ၁၀ ပါး၊ သဒ္ဓမ္မဇောတိကဓဇ နှစ်ပါး၊ မဟာကမ္မဋ္ဌာနာစရိယ တစ်ပါး၊ ကမ္မဋ္ဌာနာစရိယ လေးပါး၊ သုဓမ္မသိင်္ဂီ တစ်ဦး၊ ပထမငယ်တန်း အထူးအောင် တစ်ပါး၊ အခြေပြုမူလတန်းအောင် တစ်ပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၁၄ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ၁၄၀ ကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၉

မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းလျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော်သလေး နှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၁၄ ဦးကို ယနေ့တွင် သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၄၀ ကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်စဉ်။

## လွှဲပြောင်းပေးအပ်

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ရာ၌ ယနေ့တွင် တရုတ်နိုင်ငံသား ၂၁၄ ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံ၍ ပြည်နှင်လွှဲပြောင်းပေးရာ အဆိုပါလွှဲပြောင်းပေးအပ်ပွဲသို့ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ ကိုယ်စားလှယ်များထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့- မယ်ထော်သလေး နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၁၄၀ ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၄၈၄၂ ဦးကို စစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၂၁၈၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၅၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြဝတီမီဒီယာစင်တာ Star Cinema ၌ ကျင်းပသည်။



အခမ်းအနားသို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးနှင့် မြဝတီမီဒီယာစင်တာမှ တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး တာဝန်ရှိသူများက ဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဦးစွာ အခမ်းအနားမှူးများက မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

## ကြည့်ရှုအားပေး

ထို့နောက် တက်ရောက်လာကြသူများသည် မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်ကြော်ငြာ Video Clip ကို မြဝတီမီဒီယာစင်တာ Outdoor LED တွင် ပြသမှုကို ကြည့်ရှုအားပေးကြပြီး ၂၀၂၄ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုရဇာတ်ကားများ ပြသနိုင်ရေး စီစဉ်ဆောင်ရွက်ထားမှုများကို ကြည့်ရှုကြသည်။

မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်အဖြစ် မတ် ၉ ရက်မှ ၂၉ ရက်အတွင်း နေ့စဉ် မွန်းလွဲ ၁ နာရီနှင့် ညနေ ၄ နာရီတို့တွင် ၂၀၂၄ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုရဇာတ်ကားများကို မြဝတီမီဒီယာစင်တာရှိ Star Cinema ရုပ်ရှင်ရုံ၌ ပြန်လည်ပြသသွားမည်ဖြစ်ပြီး ဝင်ကြေးအနေဖြင့် ငွေကျပ် ၅၀၀၀ နှင့် ငွေကျပ် ၁၀၀၀၀ နှုန်း သတ်မှတ်ထားသည်။

ထိုသို့ ရုပ်ရှင်ထူးချွန်ဆုရ ဇာတ်ကားများ ပြသရာတွင် မတ်၉ရက်မှ ၁၁ရက်အထိ ဘိုးတော်ကင်း ဇာတ်ကား၊ မတ်၁၃ရက်မှ ၁၅ရက်အထိ ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် ဇာတ်ကား၊ မတ် ၁၆ ရက်မှ ၁၈ ရက်နေ့အထိ မီး ဇာတ်ကား၊ မတ်၂၀ ရက်မှ ၂၂ရက်အထိ နှောင် ဇာတ်ကား၊ မတ် ၂၃ ရက်မှ ၂၅ ရက်အထိ အိမ်မက်ကာရန် ဇာတ်ကား၊ မတ် ၂၇ ရက်မှ ၂၉ ရက်အထိ တိမ်ပန်းချီ ဇာတ်ကားတို့ကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - သီဟ**

၂၀၂၅ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ်ကာတွန်းပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ကလောင်ရှင် မင်းဟိန်းကျော်၏ လက်ရာအား ဂုဏ်ယူစွာဖြင့် ဖော်ပြအပ်ပါသည်။




❄ ကျောဖုံးမှ

လီဗာပူးအသင်းနဲ့ ဆောက်သမ်တန်အသင်းတို့ပွဲစဉ်မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့ရတဲ့ ဆောက်သမ်တန်အသင်းက ဦးဆောင်ဂိုး စတင်သွင်းယူနိုင်ခဲ့ပေမယ့် လီဗာပူးအသင်းက ဒါဝင်နျူနက်ရက်ရဲ့သွင်းဂိုး၊ မိုဟာမက်ဆာလာရဲ့ ပင်နယ်တီသွင်းဂိုးနှစ်ဂိုးတို့ ရရှိခဲ့တာကြောင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းအနေနဲ့ ဆောက်သမ်တန်အသင်းကို ယခုတစ်ကြိမ်အနိုင်ရရှိခဲ့ခြင်းဟာ ယခုဘောလုံးရာသီအတွင်း ဆောက်သမ်တန်အသင်းကို ဦးဆောင်ဂိုးပေးပြီးမှ ပြန်လည်အနိုင်ရရှိခဲ့တဲ့ ဒုတိယအကြိမ်မြောက်နိုင်ပွဲလည်းဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ဆောက်သမ်တန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၂၉) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရှုံးပွဲတစ်ပွဲသာလျှင် ရှုံးနိမ့်ထားမှုနဲ့အတူ ရမှတ် ၇၀ နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး ဆောက်သမ်တန်အသင်းကတော့ ရမှတ်ကိုးမှတ်နဲ့ အမှတ်ပေးဇယားအောက်ဆုံးနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

မတ် ၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ပရီမီယာလိဂ်ပွဲစဉ်တွေမှာတော့ နေ့ဝှတင်ဟမ်ဖောရက်စ်က မန်စီးတီးကို တစ်ဂိုး-ဂိုးမရှိ၊ ဘရိုက်တန်အသင်းက ဖူလ်ဟမ်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ခရစ္စတယ်ပဲလေ့စ်အသင်းက အစ်ဆွစ်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အက်စ်တွန်ဗီလာအသင်းက ဘရန်းဖို့ဒ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဝုလ်ဗာဟမ်တန်အသင်းနဲ့ အဲဗာတန်အသင်းတို့ပွဲစဉ်မှာတော့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**

# ပြည်ထောင်စုအဆင့် MSME ကုန်စည်ပြပွဲနှင့် ပြိုင်ပွဲအား ရန်ကုန်မြို့၌ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် မတ် ၉**

ပြည်ထောင်စုအဆင့် MSME ကုန်စည်ပြပွဲနှင့် ပြိုင်ပွဲအား ရန်ကုန်မြို့၌ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၄)၌ ပြုလုပ်သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က လုပ်ငန်းကဏ္ဍအလိုက်ကြိုတင်ဆောင်ရွက်ထားရှိရမည့် အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ထားရှိရမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုအဆင့် MSME ကုန်စည်ပြပွဲပြိုင်ပွဲအား ချောမွေ့အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျင်းပရေးဦးစီးကော်မတီ၏ လမ်းညွှန်မှုဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်ထောင်စုအဆင့် MSME ကုန်စည်ပြပွဲနှင့် ပြိုင်ပွဲကျင်းပမည့်နေရာအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။



MSME ဒေသတွင်း ထုတ်ကုန်ပြပွဲပြိုင်ပွဲများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက ဒေသအသီးသီးမှ လုပ်ငန်းရှင်အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှု၊ ရိုးရာဓလေ့ယဉ်ကျေးမှုများ၊ ဗဟုသုတများဖလှယ်ရရှိမှု၊ ဈေးကွက်ချိတ်ဆက်နိုင်မှု စသည့်အကျိုးကျေးဇူးများရရှိစေသည့် အကျိုးများစွာရှိသည့် ပြပွဲ ပြိုင်ပွဲတစ်ခုဖြစ်ပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျောရိုးဖြစ်သည့် MSME များကိုအားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝမြှင့်မားရေးဆောင်ရွက်ရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှ ကုန်ကြမ်းများကိုအခြေခံ၍ MSME လုပ်ငန်းများဆောင်ရွက်ရန်၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းဖြင့် ပြည်တွင်းစီးပွားရေးကို အားပေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များကိုလျှော့ချရေးနှင့် အစားထိုးနိုင်ရေးဆောင်ရွက်ရန်၊ ပြည်တွင်းစီးပွားရေးကောင်းမွန်စေရေးနှင့် အလုပ်အကိုင်ပေါများစေရေး စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ပြခန်းများအနေဖြင့် ဝန်ကြီးဌာနပြခန်းများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်ပြခန်းများ၊ မြန်မာနိုင်ငံဘဏ်များအသင်းပြခန်းများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ပြခန်းများ၊ တိုင်းရင်းဆေးပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၊ ပြည်တွင်းကုန်ကြမ်းသုံးထုတ်ကုန်ပစ္စည်းများ၊ သွင်းကုန်အစားထိုး တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံထုတ်ကုန်များ၊ပြည်ပပို့ကုန်ပစ္စည်းများ၊ ထုတ်ကုန်အမယ်သစ်များ၊ Digital ဝန်ဆောင်မှုထုတ်ကုန်များ၊ OROP ထုတ်ကုန်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် MSME ထုတ်ကုန်များ၊ ဒေသရိုးရာအစားအစာရောင်းချဆိုင်များ၊ ဆီကုန်သည်များအသင်း၊ ဆီစက်ပိုင်ရှင်များအသင်း စသည့်အသင်းအဖွဲ့များမှ ပြခန်းများနှင့် ဈေးအရောင်းဆိုင်များ ပါဝင်ပြသရောင်းချသွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲတွင် ထုတ်ကုန်အမယ်သစ်ဆု၊ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုဆု၊ တီထွင်ဆန်းသစ်မှုဆု၊ အကောင်းဆုံးပြခန်းဆု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး MSME ဆု စသည်ဖြင့် ဆုအမျိုးအစားငါးမျိုးအား ပထမဆု၊ ဒုတိယဆု၊ တတိယဆုဖြင့် စုစုပေါင်း ၁၅ ဆု ချီးမြှင့်မည်ဖြစ်ကြောင်းနှင့် စတိတ်ရှိုးဖျော်ဖြေပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

✪ ရွှေစက်တော်မှ

ကြယ်လိပ်နှင့် ငှက်မျိုးစိတ်များစွာကိုလည်း ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

ရွှေစက်တော် မန်းချောင်း အပန်းဖြေဆင်စခန်းကို မကွေးတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း မင်းဘူးခရိုင် သစ်ထုတ်ရေးဒေသက ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်က ဖွင့်လှစ်ခဲ့တာဖြစ်ပြီး ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးကို အခြေခံ၍ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဆင်ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် ပြည်သူလူထု ပူးပေါင်းပါဝင်သော (Community Base Tourism) လုပ်ငန်းများ ထွန်းကားလာစေရန်၊ ဆင်များ၏ အလေ့အထ အမူအကျင့်နှင့် နေထိုင်မှုသဘာဝများကို သိရှိနားလည်ပြီး ဆင်များအပေါ် ချစ်ခင်မြတ်နိုးတတ်စေရန်၊ Eco-tourism ဖွင့်လှစ်ထားရှိခြင်းဖြင့် မြန်မာ့သဘာဝတောတောင်ရေမြေ၏ အလှအပတရားများကို ခံစားတတ်လာပြီး ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ ပေါ်ပေါက်လာကာ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးကို အထောက်အကူဖြစ်စေရန်၊ အစိမ်းရောင်စီးပွားရေးလုပ်ငန်းဖြင့် နိုင်ငံတော်အတွက် ဝင်ငွေရရှိစေရန်စသော ရည်ရွယ်ချက်များဖြင့် ဆင်စခန်းကိုဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း မင်းဘူးခရိုင် သစ်ထုတ်ရေးဒေသ မန်နေဂျာ ဦးဇော်ဝင်းနိုင်ထံမှ သိရသည်။

ရွှေစက်တော် မန်းချောင်း အပန်းဖြေဆင်စခန်းသည် ရွှေစက်တော်ဘုရားမှ နှစ်မိုင်သာဝေးကွာသောကြောင့် စက်တော်ရာပါဒခြေတော်ရာနှစ်ဆူကို ဖူးမြော်ပြီးပါက ဆင်စခန်း၌ ဆင်များစီးကာ မန်းချောင်းတစ်လျှောက်ရှိ လှပပြီး၊ အေးချမ်းလှသည့် တောတောင်ရေမြေနှင့် သဘာဝအလှအပတရားများကို ကြည့်ရှုခံစားရင်း မိမိတို့၏လုပ်ငန်းခွင်များမှ ပင်ပန်းမှုများကို အတိုးချအနားယူ အပန်းဖြေနိုင်မည်ဖြစ်သည်။ ဆင်စခန်းတွင် ဆင် ၁၄ ကောင်ရှိပြီး ဆင်စီးခမှာ နိုင်ငံခြားသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှင့် နိုင်ငံသားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ဖြစ်သည်။ ယခင်နှစ်များက ရွှေစက်တော် ဘုရားဖူးကာလဖြစ်သော တပို့တွဲလဆန်း ၅ ရက်မှ နှစ်ဆန်း ၁ ရက်အထိ သုံးလတာကာလများတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးသူနှင့် လာရောက် လေ့လာလည်ပတ်သူအများအပြားရှိကြောင်း သိရသည်။

မန်းချောင်း အပန်းဖြေဆင်စခန်းတွင် ညအိပ်ညနေ နားခိုလိုပါက ရေမီးအစုံဖြင့် တည်းခိုစရာ ဘန်ဂလိုများလည်းရှိပြီး ရိုးရိုးတည်းခိုဆောင် တစ်လုံးလျှင် ငွေကျပ်၄၀၀၀၀၊ VIP တည်းခိုဆောင် အခန်းတစ်ခန်းလျှင် ငွေကျပ် ၇၀၀၀၀ ဖြင့် တည်းခိုအပန်းဖြေနိုင်ပြီး လေ့လာချင်စရာအထင်ကရနေရာတစ်ခု ဖြစ်သောကြောင့် ကြည်လင်အေးမြသော မန်းချောင်းရေကိုချိုး၍ တောတောင်ရေမြေနှင့် သဘာဝ အလှအပတရားများကို ဆင်စီးပြီး လေ့လာခံစားလိုပါက မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်မှ ရွှေစက်တော် မန်းချောင်း အပန်းဖြေဆင်စခန်းသို့ လှမ်းလာခဲ့ဖို့ဖိတ်ခေါ်လိုက်ရပါသည်။ **ဇေယျာနိုင်(ရွှေကန်မြေ)**

## စာမေးပွဲကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုမဖြစ်စေရေး စစ်ဆေးပညာပေး

**ကျောက်ပန်းတောင်း မတ် ၉**



မန္တလေး တိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ်မီးသတ်ဦးစီးဌာနက စာမေးပွဲရာသီကာလ မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေး မြို့ပေါ်ရှိ ရပ်ကွက်အသီးသီးမှ လူနေအိမ်များ၊ ကုန်ပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ဆိုင်များနှင့် စတိုးဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများကို ယနေ့ညနေ ၃ နာရီက လွတ်လပ်ရေးရပ်ကွက်တွင် လှည့်လည်စစ်ဆေးခဲ့ကြောင်း သိရသည်။

ညောင်ဦးခရိုင် မီးသတ်ဦးစီးမှူး ဦးမင်းသိန်းထွန်း ဦးဆောင်၍ ကျောက်ပန်းတောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းမြင့်နှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လွတ်လပ်ရေးရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး/ဆယ်အိမ်မှူးများက ရပ်ကွက်အတွင်းရှိ လူနေအိမ်များ၊ ကုန်စုံအရောင်းဆိုင်များ၊ စတိုးဆိုင်များ၊ စားသောက်ဆိုင်များတွင် မီးဘေးလုံခြုံရေး ဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် မီးလောင်လွယ်သည့် လောင်စာဆီများ သိုလှောင်သိမ်းဆည်းထားခြင်း ရှိ/မရှိတို့ကို စစ်ဆေးကြသည်။ ထို့နောက် မီးလောင်မှု၊ မီးလန့်မှုမဖြစ်စေရေး လွတ်လပ် ရေးရပ်ကွက်အတွင်းရှိ လူနေအိမ် ၁၂၀၊ အိမ်ထောင်စု ၁၅၇ စုမှ အိမ်ထောင်ဦးစီးများနှင့် ဈေးဆိုင်များ၊ စတိုးဆိုင်များ၊ စားသောက်ဆိုင် ပိုင်ရှင်များကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ်ကို ကျေညက်ပိုင်နိုင်စွာ ဖြေဆိုနိုင်ရန်အတွက် အင်္ဂလိပ်စာမေးခွန်းပုံစံ နံပါတ်တစ်ခုချင်းစီအလိုက် မေးခွန်းများနှင့် ဖြေဆိုနည်းများကို ထည့်သွင်းဖော်ပြလိုက်ပါသည်။

**ယခင်တစ်ပတ်က နမူနာမေးခွန်းတစ်စုံ PILOT TEST (1) ကို အဖြေများနှင့်တကွ ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာ နမူနာမေးခွန်း နောက်ထပ်တစ်စုံ PILOT TEST (2) ကို ဖော်ပြလိုက်ပါတယ်။**

**MATRICULATION EXAMINATION**

**ENGLISH PILOT TEST (2) Time Allowed; (3) Hours**

WRITE YOUR ANSWER IN THE ANSWER BOOKLET. ANSWER ALL QUESTIONS.

**I. Complete the sentences with the appropriate words. The initial letters are given. (10 marks)**

1. D___________ animals rely on sunlight for their activities.
2. Every team seems to have a b_______ s________ who refuses to follow the rules.
3. The v___________ worked tirelessly to distribute food during the flood.
4. It's important to build a t_________ reputation in business.
5. The dam was built to harness h_________ from the river.
6. He received a m_________ package with no return address.
7. She was hospitalized for p__________ after experiencing a persistent fever and cough.
8. High c_________ levels can lead to heart disease.
9. It's important to a_________ by the laws of the country you're visiting.
10. W__________ are a symbol of sustainable energy solutions.

**II. Choose the appropriate words or phrases to complete the sentence. (10 marks)**

(1) Thermometre can -------- measure temperature.
(A) adaptably (B) occasionally (C) precisely

(2) The -------- of teenagers is likely to depend on environment.
(A) psychology (B) psycho (C) psychological

(3) While you are studying in class, concentrate -------- the subject.
(A) at (B) on (C) in

(4) Everyday foodstuffs we have must be --------.
(A) balance (B) balanced (C) balances

(5) They don't let their daughter go to school on foot -------- she will meet an accident.
(A) in case (B) because (C) so that

(6) The teachers in our school have good -------- in teaching.
(A) experienced (B) experience (C) experiential

(7) -------- devoted we each other are, one is to part from another one day.
(A) No matter where (B) No matter why (C) No matter how

(8) My native town has changed beyond -------- since ten years ago.
(A) recognition (B) recognize (C) recognized

(9) Very large things are called -------- objects.
(A) tiny (B) big (C) huge

(10) Will you please be an -------- for these tourists in Myanmar?
(A) interpretation (B) interpreter (C) interpret

**III. Rewrite the sentence according to the instructions give in brackets. (10 marks)**

(1) The blind old man wandered about his house. He did not see anything. **(Join the sentence, using 'as if / as though'.)**

(2) People practise meditation. They want to reduce stress and clear their mind. **(Join the sentence, using 'in order that'.)**

(3) My house has a large compound and so does my friend's. **(Use 'both ---- and'.)**

(4) The youths punished a thief. He never stole anything again. **(Join the sentences, using 'after'.)**

(5) The traveller was very thirsty and felt tired. He was nearly killed by his walk. **(Join the sentences, using a participle phrase.)**

(6) Taungyi is famous for its lighting festival in Tazaungdaing. It is the city of South Shan State. **(Join the sentences, using nouns in apposition.)**

(7) Never mind; you come to see me every time. I'm ready to help you. **(Join the sentences using, 'no matter ---'.)**

(8) The bride did not invite her relatives. They didn't come to her wedding reception. **(Use the third conditional.)**

(9) Students are going to do an experiment in the laboratory. **(Change the sentence into the passive voice.)**

(10) Many star - flower trees stand along the creek. **(Rewrite the sentence, using 'inversion')**

**IV. (A) Write the appropriate words or phrases to complete the lines of verses. (5 marks)**

1. Whenever the moon and stars are set,
__________________,

2. ______________________,
Together mix'd; sweet recreation,

3. A world is there for you to share
______________________.

4. Late in the right when the fires are out,
_____________________________

5. _______________________
Had worn them really about the same,

**(B) Answer the questions in complete sentence. (5 marks)**

(6) What are the two benefits of using renewable energy?

(7) What do we usually do when something bad or unkind happens to us?

(8) What do you understand by the title of the story --- 'A day's Wait'?

(9) What is the function of the ozone layer?

(10) What do these lines mean?
"Whenever the moon and stars are set,
Whenever the wind is high
All night long in the dark and wet, A man goes riding by."

**V. Read the passage.**

We live in a world of colours, don't we? We often say, or hear people say, a clear blue sky, a deep blue sea, a red, red rose, as white as snow, as black as coal, and so on. But do we know that many everyday expressions in English are made from colours. For example, sometimes, when the people we love are not near us, we feel blue, that is, we feel sad and lonely. And the slow, sad, soulful music of the African - Americans is called ' blue' because it reflects the sad lonely feelings of those African - Americans. Then there are: out of the blue, which means without warning; once in a blue moon, which means very rarely or hardly ever; blue - collar, a term which refers to workers doing manual or unskilled work, and many others. What about green? If somebody has green fingers, he or she has the natural skill of growing plants successfully. So, if you do not have green fingers, don't ever think of taking up gardening as a hobby. And if someone is young and inexperienced, he or she is a greenhorn, or we say he or she is still green. If someone is given the green light, it means he or she is allowed by someone in authority to go ahead with a certain project or programme. A greengrocer is of course a person or a shopkeeper that sells fruits and vegetables.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) We need to know every day speaking in English used with --------.

(2) Sometimes, our teacher makes us take unit - end test in class ---------.

(3) -------- workers are chopping a clump of dense shrubbery off.

(4) If you take up gardening, you will need to have ------.

(5) High school students are -------- because they are young and inexperienced.

**(B) Answer each question in one sentence. (5 marks)**

(6) How have we ever heard of colour expressions?

(7) What feeling do we have when we feel blue and why?

(8) When can we know that someone has green fingers?

(9) What does giving the green light to someone mean?

(10) Why do people call her a greengrocer?

**VI. Read the passage.**

The concept of ecotourism has been gaining publicity over the past couple of decades. It arouses out of the '**green** movement '-- a growing interest in developing practices in all aspects of daily life that preserve rather than injure the natural environment. Ecotourists **strive** to have minimal impact on the places they visit, in terms of both the local ecology and the local culture. Some define ecotourism as travel that aims not only to avoid harming the environment but also to make a positive contribution to the local ecology and culture. Ecotourism might involve travel to a natural **destination** such as a national park or a nature preserve to learn about the natural environment, and in some cases, to volunteer on environmental protection projects. It could be a few weeks spent with local artisans learning how to do a traditional craft. Ecotourists seek out **accommodations** that follow environmentally friendly practices such as using renewable resources and recycling. They often shun cruise ships because these are among the biggest culprits in the tourism industry in terms of environmental pollution. Because of growing interest in ecotourism, many companies advertise themselves as ecotourism companies, especially those that offer trips to **remote**, natural areas, and the type of destinations that ecotourists favour.

**(A) Find the bold - faced words in the passage that are similar in meaning in the following. (5 marks)**

(1) to work very hard to do something 1. -----------------

(2) natural region away from towns and cities 2. -----------------

(3) places to stay such as a hotel 3. ------------------

(4) environmentally friendly 4. ------------------

(5) the place somebody or something is going to 5. -------------------

စာမျက်နှာ ၂၁ သို့ ★

★ စာမျက်နှာ ၂၀ မှ

**(B) Answer the following questions. Give completely answers. (10 marks)**

(6) When has the concept of ecotourism been known?

(7) What is the ' green movement '?

(8) How do ecotourists strive to have minimal impact on the places they visit?

(9) Why do ecotourists choose to travel to a natural destination such as a national park or a nature preserve?

(10) How are cruise ships regarded by ecotourists?

**VII. (A) Complete the dialogue with the expressions given in the box. There is an extra. (5 marks)**

> although the initial installation cost is high
> a negative effect on the local environment
> there are certainly pros and cons
> It doesn't produce air or water pollution
> I am not sure about that
> Do you have something in mind?

**Student A:** What is your opinion on constructing a hydropower plant?

**Student B:** I think it is expensive to construct and maintain a hydropower plant and this can have _____(1)_____.

**Student A:** I'm afraid I don't share that point of view. _____(2)_____, as opposed to burning fossil fuels like coal or gas.

**Student B:** _____(3)_____. However, I'm sure building dams could damage the local ecological system and cause land behind the dams to flood.

**Student A:** I have to side with you on that one. On the other hand, once a hydropower dam is up and running, the cost of maintenance and employee wages is relatively low _____(4)_____.

**Student B:** That's true. Well, I think we're going to agree to disagree. It is undeniable that _____ (5) _____ of hydropower plants and it's an efficient means of producing electricity for a sustainable future.

**VII. (B) Complete the exchange using the expressions given in the box. There is an extra. (5 marks)**

> it was an amazing experience
> because they let me imagine the scenes myself
> It's relaxing and great exercise
> but sometimes it feels overwhelming
> How do you handle stress?
> I have no idea.

6. A: ___________________
   B: I try to stay calm and take deep breaths to manage it.
7. A: Have you ever traveled abroad?
   B: Yes, I've been to several countries, and ______________.
8. A: Hiking is your favorite way to spend the weekend, isn't it?
   B: Yeah. I love going hiking. ________________.
9. A: Do you prefer reading books or watching movies?
   B: I prefer books _________________.
10. A: I think technology makes life easier or harder.
    B: Easier in many ways, ________________.

**VIII. Choose a situation given below and write a letter. Do not write more than 300 words. (10 marks)**

You are **Hnin Ei San** and your address is **No. 343, Bogyoke Road, Yenangyaung.** Write a letter to your cousin, **Mi Mi Khing Hnin,** who will sit for the matriculation examination, telling her how to develop effective study habits.

**(OR)**

You are **Shin Min Thwe** and your address is **No. 28, Pyitaw Thar Road, Magway.** Write a letter to your friend, **May Myat Noe,** who wants to lose weight, suggesting her not to have high – cholesterol foods and to take regular exercises.

**IX.** Write an essay of **three paragraphs** on **ONE** of the following. Do not write more than 500 words. (15 marks)

Why Computers Play an Important Role in the Modern World

**(OR)**

How to Deal with Stress

**(OR)**

The Qualities of a Good Citizen

*************

Answers

**Pilot Test (2)**

I. 1. Diurnal 2. black sheep 3. volunteers 4. trustworthy 5. hydropower 6. mysterious 7. Pneumonia 8. Cholesterol 9. abide 10. Windmills

II. 1. (A) adaptably 2. (C) psychological 3.(B) on 4. (C) balances 5. (A) in case 6. (B) experience 7. (A) No matter how 8. (A) recognition 9. (C) huge 10. (B) interpreter

III. (1) The blind old man wandered about his house as if he had seen everything.
(2) People practise meditation in order that they will reduce stress and clear their mind.
(3) Both my house and my friend's have large compounds.
(4) After being punished by the youths, a thief never stole anything again. / After a thief had been punished by the youths, he never stole anything again.
(5) Nearly killed by his walk, the traveller was very thirsty and felt tired.
(6) Taunggyi, the city of South Shan State, is famous for its lighting festival in Tazaungdaing.
(7) No matter what time you come to see me, I'm ready to help you.
(8) If the bride had invited her relatives, they would have come to her wedding reception.
(9) An experiment is going to be done in the laboratory by students.
(10) Along the creek stand many star – flower trees.

IV. (A) 1. Whenever the wind is high 2. Sound sleep by night; study and ease 3. When adventure calls 4. Why does he gallop and gallop about? 5. Though as for that the passing there

(B) 6. The two benefits of using renewable energy are that these energy sources can never run out or are inexhaustible and they can be recovered or produced without causing $CO_2$ emissions, air pollution and global warming. 7. When something bad or unkind happens to us, we usually blame others or criticise them. 8. The story's title 'A Day's Wait' is about the day when the boy spent waiting to die. 9. The function of the ozone layer is to protect the earth from the harmful ultraviolet rays of the sun. 10. These lines mean that on dark, windy, and rainy nights, when there is no moon or stars, a man rides his horse.

V. (A) (1) colours (2) out of the blue (3) Blue – collar (4) green fingers (5) greenhorns

(B) (6) We have ever heard of colour expressions as a clear blue sky, a deep blue sea, a red, red rose, as white as snow, as black as coal, and so on. (7) We have sad and lonely feeling when we feel blue because the people we love are not near us. (8) We can know that someone has green fingers when he or she has the natural skill of growing plants successfully. (9) Giving the green light to someone means that he or she is allowed by someone in authority to go ahead with a certain project or programme. (10) People call her a greengrocer because she is a shopkeeper who sells fruit and vegetables.

VI. (A)(1) strive (2) remote (3) accommodations (4) green (5) destination

(B) (6) The concept of ecotourism has been known over the past couple of decades. (7) The ' green movement ' is a growing interest in developing practices in all aspects of daily life that preserve rather than injure the natural environment. (8) Ecotourists strive to have minimal impact on the places they visit in terms of both the local ecology and the local culture. (9) Ecotourists choose to travel to a natural destination such as a national park or a nature preserve to learn about the natural environment, and in some cases, to volunteer on environmental protection projects.

(10) Cruise ships are regarded as the biggest culprits in the tourism industry in terms of environmental pollution by ecotourists.

VII. (A) 1. a negative effect on the local environment 2. It doesn't produce air or water pollution 3. I am not sure about that 4. although the initial installation cost is high 5. there are certainly pros and cons

(B) 6. How do you handle stress? 7. it was an amazing experience 8. It's relaxing and great exercise 9. because they let me imagine the scenes myself 10. but sometimes it feels overwhelming

**VIII.**

**No. 343, Bogyoke Road,**
**Yenangyaung**
**16th August, 2024**

**Dear Mi Mi,**

I hope this letter finds you in good health. As for me and my family are in sound health. Yesterday, your mother called me to inquire how you study your lessons and advise you to develop your study habits.

Have you done well in your lessons your teachers have taught? You must study your lessons regularly. But, it is not just about the quantity of time spent –– it is about the quality of that time. I would like to tell you some effective study habits. Create a schedule by setting aside specific blocks of time each day for studying and stick to it. Find a quiet place to study where you will not be disturbed. Turn off your phone and other distractions. Take regular breaks, that is, you study for 25 minutes, then take a 5 – minute break. Repeat this cycle because short breaks help maintain focus and prevent mental fatigue. Stretch, walk or so light exercises during breaks to refresh your mind. Don't forget to reward yourself for completing studying for a certain amount of time. It could be enjoying a favourite snack, watching a short video or taking a walk. Finally, you must take care of your health by getting enough sleep, eating nutritious meals and staying hydrated because a healthy body supports a healthy mind. To reduce stress and anxiety, you should practise relaxation techniques such as deep breathing or mindfulness.

Studying is an essential part of academic success. Developing effective study habits can significantly enhance your learning experience and boost your performance. I want you to experiment with these strategies because consistency and persistence will lead to better learning outcomes. So long now and give my regards to all at your home.

**With best wishes,**
**Yours lovingly,**
**Hnin Ei San**

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့
World Consumer Rights Day 2025

လူနေမှုဘဝအစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့
A Just Transition to Sustainable Lifestyles

၂၀၂၅ ခုနှစ်၊ မတ်လ ၁၅ ရက်

## နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ်၌ ဂျိုင်း(ကော့ကရိတ်)တံတား ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၉**

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့အနီးရှိ ဂျိုင်း(ကော့ကရိတ်)တံတား အရှည် ၁၉၀၃ ပေ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတား၌ ကျင်းပရာ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ကရင်ပြည်နယ် ဝန်ကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ကရင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်း၊ ကရင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးညီညီဇော်နှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးတို့က ဂျိုင်း(ကော့ကရိတ်) တံတားအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ်တို့က တံတားကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်း၍ တံတားပေါ်သို့ ဖြတ်သန်း ကြည့်ရှုစစ်ဆေးကြသည်။

ဂျိုင်း(ကော့ကရိတ်) တံတားအဟောင်းသည် သက်တမ်းကြာမြင့်လာပြီး တံတားခံနိုင်ဝန်အား ကန့်သတ်ချက် ရှိလာသည့်အတွက် တံတားဟောင်းနေရာတွင် ဂျပန်နည်းပညာဖြင့် တံတားအသစ်ကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏သက်သာသော အတိုးနှုန်းချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဂျိုင်း(ကော့ကရိတ်) တံတားသည် အရှေ့-အနောက် စီးပွားရေးစင်္ကြံ လမ်းမကြီးပေါ်တွင် တည်ဆောက်ထားသော သံမဏိကြိုးဆိုင်းတံတားဖြစ်ပြီး အရှည် ၁၉၀၃ ပေ၊ ယာဉ်သွားလမ်းအကျယ် လေးလမ်းသွားနှင့် လူသွားလမ်း တစ်ဖက်လျှင် ၁ ဒသမ ၂ မီတာစီဖြင့် တည်ဆောက်ထားသည်။ ရေလမ်းကင်းလွတ်အမြင့် ၃၅ ပေရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၅၉၁ ပေရှိကာ တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းအလိုက် ၇၅ တန်ဖြစ်ပြီး တံတား၏ ပင်မရေလယ်တိုင်ကို ဂျပန်နည်းပညာ Steel Shell နှင့် Concrete ပေါင်းစပ်ထားသည့် Extradosed Bridge အမျိုးအစားဖြစ်သည်။

ယခုကဲ့သို့ တံတားများကို တည်ဆောက်ခြင်း အားဖြင့် အရှေ့-အနောက် စီးပွားရေးစင်္ကြံ လမ်းမကြီးကို အသုံးပြု၍ မြဝတီ-ဘားအံမှတစ်ဆင့် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ လည်းကောင်း၊ ရန်ကုန်မြို့ရှိ သီလဝါအထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းသို့လည်းကောင်း ဆက်သွယ်သွားလာနိုင်မည် ဖြစ်သောကြောင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုမည်သာမက ဒေသတွင်းနိုင်ငံများနှင့်ပါ ဆက်သွယ်မှု ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနသည် ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း၍ လမ်း၊ တံတားများကို အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဆန်နှင့် ဆန်ထွက်ပစ္စည်းများ အရည်အသွေးနှင့် တိကျစွာတိုင်းတာမှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲတက်ရောက်

**နေပြည်တော် မတ် ၉**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (Myanmar Rice Federation–MRF) တို့ ပူးပေါင်းကျင်းပသည့် ဆန်နှင့် ဆန်ထွက်ပစ္စည်းများ အရည်အသွေးနှင့် တိကျစွာတိုင်းတာမှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ (MRF Immersion Day 2025) အခမ်းအနားကို ယမန်နေ့က ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ MRF ဥက္ကဋ္ဌ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ဆက်စပ်ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံတကာသို့ ဆန်စပါးတင်ပို့ရာတွင် အလေးချိန်၊ ချင်တွယ်တိုင်းတာမှုများသည် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီရန်လိုအပ်ကြောင်း၊ ကုန်ထုတ်လုပ်ရေးတွင် နိုင်ငံတကာ အရည်အသွေး စံချိန်စံညွှန်းများနှင့် SI ယူနစ်များအတိုင်း အသုံးပြုလျှင် ကုန်စည်များတင်ပို့ရလွယ်ကူပြီး နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်မှု ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကို လက်တွေ့ကျကျ အထောက်အကူပြုမည့် နည်းပညာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနရှိ သုတေသနဌာနများ၊ တက္ကသိုလ်များနှင့် ဆန်စပါးနှင့် ပြင်ပစက်မှုလုပ်ငန်းများ နီးကပ်စွာချိတ်ဆက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယနေ့တွင် နိုင်ငံ့အဓိက စားရေရိက္ခာဖြစ်သည့် ဆန်စပါးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် NQI၊ ဇီဝနည်းပညာ AI၊ ဆိုလာစနစ်များနှင့် ဆက်စပ်ဆွေးနွေးကြမည်ဖြစ်၍ ကဏ္ဍစုံပါဝင်ကာ ထူးခြားလေးနက်စွာ အနှစ်သာရများပြည့်ဝလျက်ရှိကြောင်းနှင့် ဆွေးနွေးမှုရလဒ်များလည်း ရရှိမည်ဟု အလေးအနက်ယုံကြည်ပါကြောင်း ပြောကြားသည်။



ယင်းနောက် MRF ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တိကျစွာတိုင်းတာခြင်း နည်းပညာသိပ္ပံ(မြန်မာ) မှ ညွှန်ကြားရေးမှူးက SI ယူနစ်အရေးပါပုံနှင့်ဆန်းစပါး အစိုဓာတ်တိုင်းတာသော ဝန်ဆောင်မှုများ၊ ဇီဝနည်းပညာ သုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က စိုက်ပျိုးရေးဆိုင်ရာ ဇီဝနည်းပညာ သုတေသနလုပ်ငန်းများ၊ သင်တန်းများနှင့် ဝန်ဆောင်မှုများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးကြပြီး MRF ဥက္ကဋ္ဌက ဇီဝနည်းပညာ သုတေသနဦးစီးဌာနထံ သုတေသနဂုဏ်ပြုငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်း၌ ဒုတိယဝန်ကြီးသည် ဆွေးနွေးပွဲများကို ဆက်လက်တက်ရောက်၍ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ မေးမြန်းဆွေးနွေးကြမှုများအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဘိုကလေးမြို့နယ်၌ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်

**ဘိုကလေး မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ တစ်သုံးလုံးဆန်စက်တွင် ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်တပ်ဖွဲ့က မီးဘေးလုံခြုံရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် ဘိုကလေးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းက အမှာစကားပြောကြားပြီး မီးသတ်ဦးစီးအရာရှိ ဦးထွန်းအောင်က မီးဘေးလုံခြုံရေးအတွက် လိုက်နာရမည့်အချက်များကို အသိပညာပေးဟောပြောကာ မီးဘေးအတွက် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို တက်ရောက်လာကြသူများနှင့် လက်တွေ့ဇာတ်တိုက်လေ့ကျင့် မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကြေးခေတ်မှသည် နာနိုနည်းပညာခေတ်အထိ ...

နီဇော်သစ်

**အကြိုသမိုင်းအကြောင်းပြောကြပြီဆိုလျှင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ဟုပြောလေ့ရှိကြသည်ကို သတိထားမိကြပါလိမ့်မည်။ ထိုသို့ခေတ်များခွဲခြားခြင်းသည် နည်းပညာတစ်ခုနှင့် ချိတ်ဆက်နေပြီး ထိုနည်းပညာသည် ယနေ့ခေတ်အထိ ဖွံ့ဖြိုးတိုးတက်နေဆဲဖြစ်သည်ကို သတိထားမိသူနည်းပါလိမ့်မည်။ ယင်းမှာ သတ္တုနည်းပညာပေတည်း။**

သဘာဝအတိုင်းရရှိသော ကျောက်တုံး ကျောက်ခဲတို့ကို လက်နက်ကိရိယာအဖြစ် အသုံးပြုခဲ့ကြသော လူသားတို့သည် တစ်ချိန်တွင် နောက်တစ်ဆင့်အဖြစ် သတ္တုများကိုပါ လက်နက်ကိရိယာအဖြစ် သုံးတတ်သည့်အဆင့်သို့ ရောက်ခဲ့ကြသည်။ ရှေးဟောင်းသုတေသနဆရာများ၏ အဆိုအရ လူသားတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၁၁၀၀၀ လောက်ကတည်းက သတ္တုကို အသုံးပြုတတ်ခဲ့ကြသည်။ သို့သော် နည်းပညာဟူ၍ မဆိုကောင်းသေး။ သဘာဝအတိုင်းရရှိသော ကြေးနီတို့ကို အသုံးပြုခဲ့ကြသည်ဆို၏။ အီရတ်နိုင်ငံ ရှနီဒါဂူထဲတွင် ထိုကာလအတွင်းက ကျန်ခဲ့သည့် ကြေးနီပုတီးစေ့လေ့များကို တွေ့ရှိခဲ့ကြ၍ဖြစ်သည်။ ထိုခေတ်ကို ကြေးနီခေတ်ဟု ခေါ်ကြသည်။

တူကီယဲနိုင်ငံတွင်မူ လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀၀၀ ဝန်းကျင်က အသုံးပြုခဲ့ကြသည်ဟု ယူဆရသည့် သဘာဝကြေးနီတို့ကို ထုဆစ်ပုံဖော်ထားသော ပုတီးစေ့လေးများ၊ စူးနှင့် ကိရိယာလေးများကို တွေ့ရှိခဲ့ရသည်။ နောက်ပိုင်းပိုကျသောကာလများတွင် ကြေးနီလက်ဝတ်တန်ဆာတို့ကိုပါ တွေ့လာရသည်။ ထိုခေတ်မှာပင် လူသားတို့သည် မီးပုံထဲသို့ ကြေးနီအချို့ မတော်တဆကျရောက်ရာမှ ကြေးကိုသွန်း၍ရမည်ဟု သိခဲ့ကြပုံပေါ်ကြောင်း ပညာရှင်တို့က သုံးသပ်သည်။ သို့သော် ယင်းမှာ နည်းပညာတိုးတက်မှုဟု မဆိုကောင်းသေး။

တကယ်တမ်း နည်းပညာတိုးတက်ဖွံ့ဖြိုးလာသည့်ကာလမှ လွန်ခဲ့သော နှစ်ပေါင်း ၅၃၀၀ ဝန်းကျင်မှ ၃၂၀၀ ဝန်းကျင်ဟု သတ်မှတ်ထားသည့် ကြေးခေတ်တွင်ဖြစ်သည်။ ဤနေရာတွင် ကြေးဆိုသည်မှာ များသောအားဖြင့် ကြေးနီနှင့် သံဖြူတို့ စပ်ထားသော သတ္တုစပ်ကို ဆိုလိုသည်။ ကြေးညိုဟုလည်း ခေါ်ကြသည်။ ကြေးနီကို အပူပေး၍ ပျော်စေပြီး သံဖြူနှင့် ရောစပ်ထားသည့် ကြေးမှာ ကြေးနီထက်ပိုမာကျောသည်။ အညှိတက်မှုလည်း ပိုနည်းသည်။ လက်နက်လုပ်ရာတွင် ကြေးနီလို အတုံးမမြန်။ အသွားထက်ထက်ကို ကြာရှည်သုံးနိုင်သည်။ ကြေးကို သုံးလာသည့်အတွက် ပိုမိုမာကျောသောကိရိယာများ၊ လယ်ယာသုံးပစ္စည်းများနှင့် ကာကွယ်ရေး တိုက်ခိုက်ရေးသုံးလက်နက်များကို အသုံးပြုလာနိုင်သည်။ ကုန်သွယ်ရေး၊ အုပ်ချုပ်ရေး၊ စစ်မက်ရေးရာတို့တွင် များစွာအကျိုးသက်ရောက်မှု ရှိလာသည်။

ကြေးခေတ်ဟုခေါ်သည့်တိုင် အမှန်တွင် ထိုကာလတွင် အခြားသတ္တုများနှင့်လည်း ထိတွေ့နေပြီဖြစ်သည်။ ထိုသတ္တုများထဲတွင် ရွှေနှင့်



သံလည်းပါဝင်သည်။ ရွှေကို ကြေးခေတ်မတိုင်မီကပင် ရတနာပစ္စည်းအဖြစ် အသုံးပြုနေကြပြီဖြစ်သည်။ ကြေးနီနှင့် ကြေးတို့လို မမာကျောသဖြင့် လက်နက်အဖြစ် အသုံးမဝင်သော်လည်း ပိုမိုအရေးပါသော အဖိုးတန်သတ္တုအဖြစ် ယနေ့တိုင် ရပ်တည်နေဆဲဖြစ်သည်။ အာကာသမှ သက်ဆင်းလာသော ဥက္ကာခဲများတွင် သံကိုတွေ့ရှိပြီး အသုံးပြုမှုအချို့ရှိသော်လည်း တွင်တွင်ကျယ်ကျယ်မဖြစ်ပေ။ အဓိကအချက်မှာ ရှားပါးလွန်း၍ဖြစ်သည်။ ကြေးသန့်စင်သည့်နည်းပညာပေါ်လာချိန်တွင် ထိုနည်းပညာက သုံးသော အပူခာတ်မှာ သံကို အရည်မပျော်စေနိုင်ခြင်းကလည်း တစ်ချက်ပါဝင်သည်။ ထို့ပြင် ကြေးလောက်လည်း မာကျောခြင်းမရှိပေ။

သို့သော် လွန်ခဲ့သော နှစ်ပေါင်း ၃၂၀၀ ဝန်းကျင်တွင်မူ တစ်မျိုးပြောင်းသွားသည်။ ကြေးလုပ်ရန် လိုအပ်သော သံဖြူရှားပါးမှုနှင့်အတူ ကြေးခေတ် အဆုံးသတ်တော့မည်။ ထိုအချိန်တွင် သံသည် ရှားပါးပစ္စည်းမဟုတ် ကြေးနီထက်ပင် ပေါများကြောင်းလည်းသိလာပြီ။ ထို့ပြင် ကျောက်မီးသွေးသုံးပြီး မီးပြင်းတိုက်သည့်နည်းလမ်းများ တိုးတက်လာသည်နှင့်အတူ သံရိုင်းပါဝင်သော ကျောက်များကို အရည်ပျော်အောင်လုပ်ပြီး သံကိုထုတ်ယူလာနိုင်သည်။ သံခေတ်စတင်ပြီဖြစ်သည်။ သံသည် ပေါပေါများများရသည့်အပြင် နည်းပညာကောင်းကောင်းသုံးနိုင်လျှင် ကြေးထက်ပင် မာကျောပြီး တာရှည်လည်းခံ အသုံးလည်းဝင်ကြောင်း တွေ့လာခဲ့သည်။

ဟစ်တိုက်လူမျိုးတို့သည် သံကို လက်နက်များ၊ ချပ်ဝတ်များ၊ လှည်းများနှင့် အခြားအရာများတွင် အသုံးပြုခြင်းဖြင့် အင်ပါယာတစ်ခု တည်ထောင်နိုင်ခဲ့သည်။ ဟစ်တိုက်အင်ပါယာပြိုကွဲပြီးနောက် သံရည်ကျိုအတတ်သည် ကမ္ဘာတစ်ဝန်း ပျံ့နှံ့သွားရာ အတိုချုပ်ဆိုရလျှင် အက်ဆီးရီးယန်း၊ ရောမနှင့် တရုတ်အင်ပါယာကြီးများ ဖြစ်လာစေသည်။ သိပ်မကြာခင်မှာပင် သံနှင့် ကာဗွန်ဒိုင်အောက်ဆိုက်တို့ ပေါင်းစပ်ပြီး သံမဏိထုတ်လုပ်လာနိုင်ချိန်တွင် ပိုမိုကြီးမားသော အပြောင်းအလဲများ ဖြစ်လာတော့သည်။

သတ္တုများ ဖော်ထုတ်နိုင်ခြင်းနှင့် အသုံးပြုနိုင်လာခြင်းတို့သည် လူသားသမိုင်းကို ကြီးမားသော အချိုးအကွေ့ကြီးများ ဖြစ်စေခဲ့သည်။ ပိုမိုမာကျောခိုင်ခံ့သောသတ္တုများ သန့်စင်နိုင်ခြင်းနှင့် ထုဆစ်ပုံဖော်နိုင်ခြင်းတို့သည် ထိုသို့လုပ်နိုင်သော ယဉ်ကျေးမှုတို့ကို မလုပ်နိုင်သောယဉ်ကျေးမှုတို့ထက် အင်အားအဆများစွာ ပိုမိုကြီးမားသွားစေသည်။ ယင်းမှာ ပါဝါပြန်လည်ဖြန့်ဝေသည့်သဘောအတိုင်းပင်။ ကြေး၊ သံ၊ သံမဏိတို့ကို စစ်မက်ရေးရာအတွက် အသုံးချနိုင်ခြင်းသည် အင်ပါယာကြီးများ၏ အနိမ့်အမြင့်အတက်အကျတို့ကို သမိုင်းတစ်လျှောက် ပုံဖော်ပေးခဲ့သည်။

အလားတူ စီးပွားရေးအရွေ့များရှိသည်မှာလည်း ထင်ရှား၏။ ကြေး၊ သံ၊ သံမဏိ၊ ရွှေတို့ ပေါများသောတိုင်းပြည်တို့သည် စီးပွားရေးအင်အားကြီး တိုင်းပြည်များဖြစ်သည်။ ထိုတိုင်းပြည်တို့က အားနည်းသောတိုင်းပြည်တို့ကို ကြီးစိုးသည်။ ပန်းပဲအတတ်ပညာထွန်းကားလာခြင်းနှင့် ပန်းပဲဖိုများ အရှိန်အဟုန်ဖြင့် တိုးပွားလာခြင်းတို့သည် စီးပွားရေး၊ လူမှုရေးအခြေခံအပြောင်းအလဲများကို ဖြစ်စေသည်။ ယနေ့ခေတ် လုပ်သားတို့သည် ထိုခေတ် ပန်းပဲလုပ်သားတို့မှ စတင်ခဲ့သည့် သဘောတရားဟုပင် ဆိုနိုင်သည်။ ထိုသဘောတရားမှာ နောက်ပိုင်း စက်မှုတော်လှန်ရေးတွင် ပိုမိုထင်ရှားလာသည်။

သတ္တုကို ကောင်းကောင်းရှာဖွေတတ်၊ သုံးစွဲတတ်သော ဥရောပသားတို့သည် အာဖရိက၊ အာရှမှသည် နောက်ဆုံး အမေရိကအထိ ခြေဆန့်ပြီး သတ္တုတွင်းများကို ဖော်ထုတ်ကာ သတ္တုအရင်းအမြစ်များသည်ထက် များများပိုင်ဆိုင်နိုင်အောင် ကြိုးစားလာကြသည်။ ယင်းမှာ ကိုလိုနီစနစ်ကို စတင်စေခဲ့ခြင်းဖြစ်သည်။

အကြိုသမိုင်းခေတ်၏ အထွေထွေသုံးနည်းပညာများထဲတွင် သတ္တုပညာ၏ ထူးခြားချက်မှာ ယနေ့တိုင် အရေးကြီးဆုံးနေရာတစ်ခုတွင် ရပ်တည်နေခြင်းပင်။ စက်မှုတော်လှန်ရေးနောက်ပိုင်း အီလက်ထရွန်နစ် တော်လှန်ရေးတွင်လည်း အရေးပါနေဆဲ။ အီလက်ထရွန်နစ်ချစ်ပ်များအတွက် ကြီးမားသောလိုအပ်ချက်မှာ သတ္တုများပင်ဖြစ်နေသည်။ ယနေ့ လူတိုင်းစိတ်ဝင်စားနေကြသည့် မြေရှားသတ္တုများပင်။ ကြေးနီ၊ ကြေး၊ သံ၊ သံမဏိတို့ ယနေ့ခေတ်တွင် သူ့နေရာနှင့်သူ အရေးပါနေကြဆဲဖြစ်သလို မြေရှားသတ္တုရှာဖွေရေးနှင့် အသုံးချရေးတို့က အရာရာတိုင်းထက် ပို၍အရေးပါသည့်ခေတ်ကို ရောက်နေပြီဟုပင် ဆိုနိုင်သည်။

တစ်ဖက်မှ ပြန်ကြည့်လျှင် မြေရှားသတ္တုများ တွေ့ရှိအသုံးပြုနိုင်သောကြောင့်ပင် အီလက်ထရွန်နစ် ခေတ်ပြောင်းတော်လှန်ရေးပေါ်ပေါက်ခဲ့ရသည်ဟုဆိုနိုင်သည်။ နောက်တစ်နည်းပြောရလျှင် မိုက်ခရို အီလက်ထရွန်နစ်ခေတ်ကို ကျော်လာပြီး နာနိုနည်းပညာခေတ်အထိ ထိုသဘောတရားအတိုင်းပင်။ ထို့ကြောင့် ကြေးနီခေတ်မှစတင်ခဲ့သည့် သတ္တုနည်းပညာသည် ယနေ့ခေတ်အထိ အသက်ဝင်နေဆဲ အထွေထွေသုံးနည်းပညာဖြစ်သည်။ အခြားသောနည်းပညာတို့သည် ခေတ်ပြောင်းလာလျှင် နည်းပညာအသစ်တို့နှင့် ပေါင်းစပ်ပြီး ပုံစံပြောင်းရှင်သန်လေ့ရှိသော်လည်း သတ္တုနည်းပညာမှာမူ ကြေးနီခေတ်မှ နာနိုခေတ်အထိ အခြေခံသဘောတရားမပြောင်းလဲဘဲ တည်ရှိနေဆဲဖြစ်သည်။ ယနေ့ခေတ်တွင် သတ္တုရှာဖွေရေးကို ကမ္ဘာပေါ်တွင်သာမက ကမ္ဘာ့ပြင်ပတွင်ပါ ရှာဖွေရန် ကြိုးစားလာခြင်းသည်သာလျှင် ထူးခြားမှုရှိသည်။ လ၊ အင်္ဂါဂြိုဟ်နှင့် ဂြိုဟ်သိမ်ဂြိုဟ်မွှားများပေါ်တွင် သတ္တုတူးဖော်ရေးလုပ်နိုင်လာလျှင်ပင် တစ်ချိန်က ကိုလိုနီစနစ်မျိုးကို နောက်တစ်မျိုးပြန်မြင်ရခြင်းဟု ဆိုနိုင်ပေလိမ့်မည်။ ။

## ဟင်းသီးဟင်းရွက်ဆီစားခြင်းက ထောပတ်စားသည်ထက် အသက်ပိုရှည်နိုင်



ထောပတ်ကို အလွန်အကျွံစားသုံးခြင်းသည် အသက်တိုစေနိုင်ပြီး ဟင်းသီးဟင်းရွက်ဆီစားခြင်းသည် အသက်ရှည်စေနိုင်ကြောင်း သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။ ဆိုလိုသည်မှာ ဟင်းချက်ရာတွင် ထောပတ်နှင့်ချက်သည်ထက် ဟင်းသီးဟင်းရွက်ဆီနှင့်ချက်သည်က ကျန်းမာရေးနှင့် ပိုကိုက်ညီသည်။

ဟားဗတ်ဆေးကျောင်းမှ အမေရိကန်အယောက် ၂၂၁၀၀၀ ကို နှစ်ပေါင်း ၅၀ ကြာစမ်းသပ်ပြီး ထိုသို့ထူးခြားချက်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထိုလေ့လာမှုအရ ထောပတ်အများအပြား စားသုံးသူတို့သည် သေဆုံးနိုင်ခြေ ၁၅ ရာခိုင်နှုန်းမြင့်တက်သွားပြီး ဟင်းသီးဟင်းရွက်ဆီပြောင်းလဲစားသုံးခြင်းဖြင့် သေဆုံးနိုင်ခြေကို ၂၀ ရာခိုင်နှုန်းအထိ လျော့ပါးသွားစေနိုင်သည်ဟု ဆိုသည်။

လန်ဒန်ကင်းစ်ကောလိပ်မှ အာဟာရနှင့် အစားအသောက်ဆိုင်ရာသက်ပန် ပါမောက္ခ ဒေါက်တာတွမ်ဆန်းဒါးက "ဒီလေ့လာမှုက အရေးကြီးပါတယ်။ ထောပတ်စားတဲ့သူတွေဟာ ဟင်းသီးဟင်းရွက်ဆီစားသုံးသူတွေလောက် အသက်မရှည်ဘူးဆိုတာ ပြနေလို့ပါ။ ထောပတ်က ပြည့်ဝမှုမြင့်မားတဲ့အဆီပါ။ ဟင်းသီးဟင်းရွက်ဆီတွေက ပြည့်ဝမှုနည်းပါတယ်။ ဒါကြောင့် ထောပတ်ထက် ဟင်းသီးဟင်းရွက်ဆီတွေကို ပိုစားသုံးကြဖို့ အိမ်တိုင်းကို သတိပေးနိုင်ပါပြီ"ဟု ဆိုသည်။

ထိုလေ့လာမှုတွင် ၅၀၉၃၂ ဦးသည် လေ့လာမှုအတွင်း ကွယ်လွန်ခဲ့ကြသည်။ ကွယ်လွန်သူများထဲတွင် ၁၂၀၀၀ ကျော်မှာ ကင်ဆာရောဂါကြောင့်ဖြစ်ပြီး ၁၁၀၀၀ ကျော်မှာ နှလုံးရောဂါကြောင့်ဖြစ်သည်။ ကွယ်လွန်သူအများစုမှာ ထောပတ်ကို ရွေးချယ်ခဲ့ကြသူများဖြစ်သည်။

လတ်တလောကာလအတွင်း ဟင်းသီးဟင်းရွက်ဆီစားသုံးမှုနှင့် ပတ်သက်၍ လူမှုကွန်ရက်များပေါ်တွင် မကောင်းမြင်သတင်းများ ပျံ့နှံ့နေရာ ယခုတွေ့ရှိမှုသည် ထိုသဘောထားတို့ကို ချေဖျက်နိုင်ခဲ့သည်။

**Ref: MailOnline**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မတ် ၆ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းလှမြို့၊ ညောင်ပင်သာမြို့ မြို့အဝင်ဂိတ်၌ လိုင်စင်မဲ့ Lifan ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းလှမြို့နယ်အတွင်း၌ တရားမဝင်ရေနံစိမ်း ကိုးဂါလန်နှင့် ဆက်စပ်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၁၅၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၃၁၅၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၇ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၂၉၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်လမ်းဆုံ၌ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) နှင့် လယ်ဝေးမြို့နယ်၌ လိုင်စင်မဲ့ Kebo 110 ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀)တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၄၅၀၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Airwave ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ရေခဲစက်လမ်းရှိ ကမ်းနားဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုးနှင့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၇၇၁ တန်၊ သစ်မာ သုည ဒသမ ၀၂၈ တန်၊ မီးသွေး ၁၆ ဒသမ ၆၄၀ တန် (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၃၇၂၃၉၁၂ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ဂန့်ဂေါမြို့သို့သွားရောက်မည့်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၁၈၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Aumark II Light Truck တစ်စီး၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ သံရွာအထွက် လမ်းဘေးတစ်နေရာ၌ ရပ်တန့်ထားသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၇၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၄၆၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၂၃၄၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




တနင်္သာရီတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ယင်းအပြင် မတ် ၈ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ပန်ခန်းတံတားအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Caravan တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၁၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မတ် ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၁ မှု (ခန့်မှန်းတန်ဖိုးငွေ၃၃၄၅၄၄၄၁၂ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ ထိုသို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၇ ရက် မွန်းလွဲ ၃ နာရီတွင် ကွန်ဟိန်းမြို့နယ် ကာလိမြို့ ရပ်ကွက် (၅)ရှိ မအီစိန်၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၁၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၂၀ ဒသမ ၅ သိန်း) ကိုလည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် နံနက် ၉ နာရီခွဲတွင် တာချီလိတ်မြို့နယ် မိုင်းဖုံး(ခ) ကျေးရွာအုပ်စု ပါခုတ်ကျေးရွာ အနီးတွင် သက်နိုင်ဝင်း(ခ)ကိုသက် မောင်းနှင်လာသည့် HONDA INSIGHT အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေ ၁၆၈ သိန်း) ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။



မအီစိန်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထို့အပြင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၈ ရက် နံနက် ၅ နာရီတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု ကျွဲတပ်ဆုံကျေးရွာအနီး HIGER အမျိုးအစား ခရီးသည်တင် မှန်လုံယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၁၅၀)ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၃-၂၀၂၅ တနင်္လာနေ့

### MRTV HD

၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခေါရုဂ်သုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ အဘိုးအငွေ့တွေကြားမိန်းမောမနေကြဖို့
၀၉:၁၀ စိုက်ပျိုးမွေးမြူသုတဘဏ်
၁၀:၃၅ နိဿရည်းလူ(မဂ်လာပါ)
၁၁:၂၅ ဘဝနှင့်အနုပညာ 'အလှထက်အတတ်ပညာကိုဦးစားပေးတဲ့ရုပ်ရှင်ဖူးမလေး' 'အကယ်ဒမီခင်သန်းနု' (အပိုင်း-၃)
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ(ဖိလစ်ပိုင်) 'သူတောင်းပြည့်ကြွယ်တာရာစတာလာ' (အပိုင်း-၆၂)
၁၃:၃၀ MRTV National News
၁၄:၃၅ ကျန်းမာရေးမဂ္ဂဇင်း (ကျန်းမာရေးအတွက်ထိုင်းရင်းဆေးပညာအစီအစဉ်)
၁၄:၅၅ မျိုးဝက်တင့်စေဆိုကရေးတီးအငွေ
၁၅:၂၅ ၂၀၂၅ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ သိကောင်းစရာများ (ပထဝီဝင်ဘာသာရပ်)
၁၆:၄၀ ချစ်စရာ့အရွယ်ကစားကြမယ်
၁၇:၁၀ သတင်းသမားပြောတဲ့သတင်းစကား
၁၇:၃၅ This Week's Special Interest
၁၈:၃၅ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဝတ်ပြုတေး
၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ(တရုတ်) 'လေနှင်ရာခရီး' (အပိုင်း-၂၀)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဝတ်ပြုတေး
၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဝင်းသူများ' (အပိုင်း-၂၄)
၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

07:01 Evergreen Classic: Ma Lay Lat Khat Than (Mya Thinn Chal)
07:09 Attractive New Destinations of Bagan
07:32 Oboist and His Life
07:53 Union Day Exhibition & Traditional Dance Competition (Karen)
08:01 News
08:26 Asia Updates;
08:34 Mote Sein Paung from Intaing Village
08:43 The Journey of the Rose
09:01 Myanmar Avocado In The Global Market
09:28 Discovering Tribes: Pa-O: their life and customs (Part-1)
10:00 News

### Me

၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
၀၆:၂၀ တိုင်းရင်းသားသီချင်းအက(ကယားတိုင်းရင်းသား)
၀၆:၄၀ မြန်မာသံစဉ်တေးများ
၀၇:၁၀ မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်အချစ်ရဲ့ကတားကွက်' (အပိုင်း-၁၁)
၀၇:၄၀ ဗတီရီယိုတေးများ
၀၈:၀၀ "ပြည်ချစ်သားမွန်တေးသဝဏ်" တေးဂီတဖျော်ဖြေပွဲ
၀၉:၁၀ နိုင်ငံခြားသံစဉ်တေး
၀၉:၂၀ ကာတွန်းအစီအစဉ် 'ဖြူဝင်စိတ်လု' (အပိုင်း-၁၇)
၀၉:၃၅ ဗတီရီယိုတေးများ
၀၉:၅၅ မြန်မာရုပ်ရှင်(ဖြူမည်း) 'ချစ်တာနှင့်ဆောင်မှုန်းသူဖို့လား'

### MRTV NRC

ကချင် (၀၆:၀၀ မှ ၀၈:၀၀)
ခုနှသိကလက်ခတ်သံ

ကယား (၀၈:၀၀ မှ ၁၀:၀၀)
ကယားရိုးရာတူရိယာပြုလုပ်ခြင်း

ဝကော်ကရင် (၁၀:၀၀ မှ ၁၁:၀၀)
တို့ဝလေ့တို့ရိုးရာတို့အစားအစာ (တာလပေါ့ဟင်းတစ်ခွက် ချက်စားကြမယ်)

အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)
ဝင်ငွေကောင်းတဲ့ဖာလာလုပ်ငန်း

အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)
ဘားအံမြို့နယ်မှခရီးစဉ်အသစ်သဘာဝရေလိုက်ဂူတောင်

ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)
တောင်ဇလပ်ရဲ့ရိုးရာအလှ(အပိုင်း-၁)

ချင်း (ဆိုး) (၁၄:၀၀ မှ ၁၅:၀၀)
နာခေါင်းပလွေမှုတ်

မွန် (၁၅:၀၀ မှ ၁၇:၀၀)
ရှေးဟောင်းမွန်ရိုးရာတူရိယာ

ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)
မုန်လာဥချဉ်ဖတ်ထည့်ကာတ်မေ

ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)
ပေပေါင်း(၈၀၀၀)ကျော်မြင့်တဲ့မဲနယ်တောင်တန်းမှ တောင်ဇလပ်ပန်းများရှိရာသို့

ဝ (၂၁:၀၀ မှ ၂၃:၀၀)
'ဝ' ရိုးရာတူရိယာအကြောင်း

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၃၅ Sports Diary
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ရုရှားနိုင်ငံ'
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တနာတတ်သူတာဝန်ယူ'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့နိုင်ငံများ အကြောင်းနိုင်ငံ'
၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ကိုရီးယားနိုင်ငံ' (အပိုင်း-၂)
၁၁:၀၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၄၂)

### MRTV FARMERS' HD

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ အနာဂတ်ဝင်ငွေတိုးစေဖို့မျိုးကောင်း သရက်စိုက်ကြစို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၂၀ BBC.Planet.Earth.II.4of6.Deserts
၁၉:၄၀ Growing 10 (နိုင်ငံခြားဇာတ်လမ်း)
၂၀:၀၀ ရှယ်လီကောသာ(ဇာတ်လမ်း)
၂၂:၀၀ Suzumi (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၁၇:၄၀ Weekly Sports Info
၁၇:၀၀ အားကစားသတင်း
၂၂:၀၀ Hoop Festival

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း (၁၆-၂-၂၀၂၅ ရက်နေ့မှ ၂၈-၂-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

နေပြည်တော် မတ် ၉

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz-Scannen Air Quality Monitoring Station (AQM-65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) ၊ Continuous Particulate Monitor များနှင့် Mobile Air Quality Monitoring System များအသုံးပြု၍ Particulate Matter 2.5 (PM2.5)၊ Particulate Matter 10 (PM10)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th colspan="2" rowspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>တောင်ဒဂုံမြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td>လက်ခံနိုင်သော</td></tr>
<tr><td></td><td>၂</td><td>International Business Center (IBC)၊ ရန်ကုန်မြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာစံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပုသိမ်ကြီးမြို့</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ကျောက်ဆည်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>မိတ္ထီလာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td>ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကသာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td></tr>
<tr><td></td><td>၃</td><td>စစ်ကိုင်းမြို့</td><td colspan="2">ခံနိုင်ရည်နည်းပါးသူများသာထိခိုက်နိုင်</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td>–</td><td colspan="3">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="2">ခံနိုင်ရည်နည်းပါးသူများသာထိခိုက်နိုင်</td><td>–</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကချင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မြစ်ကြီးနားမြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td>–</td></tr>
<tr><td>၁၀</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၂</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td colspan="2">–</td><td colspan="2">ကောင်းမွန်</td><td colspan="2">–</td></tr>
<tr><td></td><td>၂</td><td>တာချီလိတ်မြို့</td><td>ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ကျိုင်းတုံမြို့</td><td>ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင်</td><td colspan="5">–</td></tr>
<tr><td></td><td>၄</td><td>မိုင်းဆတ်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
</table>

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# တရုတ်၊ အီရန်နှင့် ရုရှားရေတပ်တို့ မတ်လတွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်မည်



ပေကျင်း မတ် ၉

တရုတ်၊ အီရန်နှင့် ရုရှားရေတပ်တို့သည် မတ်လတွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်မည်ဖြစ်ကြောင်း တရုတ်အမျိုးသားကာကွယ်ရေး ဝန်ကြီးဌာနက ယနေ့ကြေညာချက် ထုတ်ပြန်သည်။

"Security Belt-2025" ဟု အမည်ပေးထားသည့်အဆိုပါစစ်ရေးလေ့ကျင့်မှုကို အီရန်ဆိပ်ကမ်း ချာဘာဟာအနီး၌ ပြုလုပ်ရန် စီစဉ်ထားကြောင်း တရုတ်အမျိုးသားကာကွယ်ရေး ဝန်ကြီးဌာနက ပြောကြားသည်။ တရုတ်ရေတပ်တွင် ဖျက်သင်္ဘောတစ်စင်းနှင့် ထောက်ပံ့ရေးသင်္ဘောတစ်စင်းပါဝင်ကြောင်း သိရသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုအစီအစဉ်တွင် ရေကြောင်းပစ်မှတ်များကို ပစ်ခတ်သည့် စစ်ရေးလေ့ကျင့်မှု၊ ပျက်စီးဆုံးရှုံးမှုထိန်းချုပ်ရေးအပြင် ပူးတွဲရှာဖွေရေးနှင့် ကယ်ဆယ်ရေးတို့ ပါဝင်သည်။

ပူးတွဲစစ်ရေးလေ့ကျင့်မှု၏ ရည်ရွယ်ချက်မှာ စစ်ရေးအရ အပြန်အလှန်ယုံကြည်မှုခိုင်မာစေရန်နှင့် အဆိုပါသုံးနိုင်ငံ၏ ရေတပ် တပ်ဖွဲ့များကြား လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ဖြစ်ကြောင်း တရုတ်အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

# ဗီယက်နမ်နိုင်ငံသို့ ယခုနှစ် ပထမနှစ်လအတွင်း နိုင်ငံခြားသားခရီးသည် ၃ ဒသမ ၉ သန်းကျော် လာရောက်

ဟနွိုင်း မတ် ၉

ဗီယက်နမ်နိုင်ငံသို့ ယခုနှစ် ပထမနှစ်လအတွင်း နိုင်ငံခြားသားခရီးသည် ၃ ဒသမ ၉ သန်းကျော် လာရောက်ခဲ့ပြီး ခရီးသွားဝင်ရောက်မှုနှုန်းသည် ယမန်နှစ်များထက် ၃၀ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အထွေထွေစာရင်းအင်းရုံး၏ ကိန်းဂဏန်းများကို ကိုးကား၍ ဒေသန္တရသတင်းမီဒီယာများက သတင်းဖော်ပြသည်။



ဝင်ရောက်

အဆိုပါကာလအတွင်း ဗီယက်နမ်နိုင်ငံသို့ လေကြောင်းဖြင့် နိုင်ငံခြားသားခရီးသွားဝင်ရောက်မှုမှာ စုစုပေါင်းအရေအတွက်၏ ၈၅ ဒသမ ၇ ရာခိုင်နှုန်းဖြစ်ပြီး နိုင်ငံခြားသားခရီးသည် ၃ ဒသမ ၄ သန်းနီးပါး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အလားတူ ကုန်းလမ်းမှဝင်ရောက်လာသည့် နိုင်ငံခြားသားခရီးသွား ၄၆၇၂၀၀ (၁၀ ဒသမ ၈ ရာခိုင်နှုန်း)ရှိပြီး ပင်လယ်ရေကြောင်းမှ ဝင်ရောက်လာသည့် နိုင်ငံခြားသားခရီးသွား အရေအတွက် ၉၉၄၀၀ (၂ ဒသမ ၅ ရာခိုင်နှုန်း) ရှိကြောင်း သိရသည်။ အာရှနိုင်ငံများမှ နိုင်ငံခြားသားခရီးသည် သုံးသန်းခန့် ဝင်ရောက်ခဲ့ပြီး ယမန်နှစ်များထက် ၃၄ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

တရုတ်နိုင်ငံသားဝင်ရောက်မှုမှာ ၇၇ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး တောင်ကိုရီးယားနိုင်ငံသား ၄ ဒသမ ၉ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံသား ၁၅ ဒသမ ၇ ရာခိုင်နှုန်းနှင့် ဂျပန်နိုင်ငံသား ၃၇ ဒသမ ၃ ရာခိုင်နှုန်းဖြင့် အသီးသီးရှိကြောင်း သိရသည်။

ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိမှုသည် ပထမနှစ်လအတွင်း အမေရိကန်ဒေါ်လာ ၅၅၁ ဒသမ ၇ သန်းရှိပြီး ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၆ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# အပစ်အခတ်ရပ်စဲရေး ဒုတိယအဆင့် စတင်ဆောင်ရွက်ရန်လိုအပ်ကြောင်း ဟားမတ်စ်ပြောကြား

ဂျေရုဆလင် မတ် ၉

ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေး ဒုတိယအဆင့် စတင်ဆောင်ရွက်ရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပစ္စည်းများ ဝင်ရောက်ခွင့်ပြုရန်လိုအပ်ကြောင်း ဟားမတ်စ်အဖွဲ့က ယနေ့တွင်ပြောကြားသည်။

ကိုင်ရိုတွင် ဟားမတ်စ်အဖွဲ့နှင့် အီဂျစ်တာဝန်ရှိသူများအကြား အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ရန်နှင့် ဓားစာခံများကိုအသုတ်လိုက်လဲလှယ်ရန် ဆွေးနွေးခဲ့ကြကြောင်း ဟားမတ်စ်အဖွဲ့က ကြေညာချက်ထုတ်ပြန်သည်။ ဒုတိယအဆင့်အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ရန်၊ နယ်စပ်ဖြတ်ကျော် စခန်းများဖွင့်လှစ်ရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပစ္စည်းများ ဝင်ရောက်ခွင့်ပြုရေးတို့ကို ချက်ချင်းဆောင်ရွက်ရန် ဟားမတ်စ်အဖွဲ့က ကြေညာချက်တွင် တိုက်တွန်းခဲ့သည်။

အဆင့်သုံးဆင့်ပါဝင်သည့် အစ္စရေး-ဟားမတ်စ် အပစ်အခတ်ရပ်စဲရေး ပထမအဆင့်သည် ဇန်နဝါရီ ၁၉ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီးနောက် လက်ရှိအချိန်တွင် ဒုတိယအဆင့်ဆောင်ရွက်ရန် တန့်နေခဲ့သည်။

အပစ်အခတ်ရပ်စဲရေး ကြားဝင်စေ့စပ်ညှိနှိုင်းသည့် အီဂျစ်နိုင်ငံသည် ဂါဇာဒေသတွင် ရေရှည်တည်တံ့သည့် အပစ်အခတ်ရပ်စဲရေးရရှိရန်နှင့် ဒေသခံများကို မရွှေ့ပြောင်းစေဘဲ ဂါဇာဒေသပြန်လည်တည်ဆောက်ရေးအတွက် အာရပ်ထိပ်သီးညီလာခံတွင် ကန်ဒေါ်လာ ၅၃ ဘီလီယံကုန်ကျမည့် ဂါဇာဒေသပြန်လည်တည်ဆောက်ရေးအစီအမံကို တင်ပြခဲ့သည်။

အစ္စရေးသည် ဟားမတ်စ်အဖွဲ့အားဖိအားပေးရေးနှင့် ပထမအဆင့် ဂါဇာဒေသအပစ်အခတ်ရပ်စဲရေးသက်တမ်းတိုးရေးအတွက် မတ်လအစောပိုင်းတွင် ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးပစ္စည်းများ ဝင်ရောက်ခွင့်ပိတ်ပင်သည့်ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# ဆီးရီးယားနိုင်ငံ၌ လက်နက်ကိုင်ပဋိပက္ခများအတွင်း အရပ်သား ၅၅၀ ကျော် သေဆုံး

ဒမတ်စကတ် မတ် ၉

ဆီးရီးယားနိုင်ငံ၌ ကြားဖြတ်အစိုးရတပ်များနှင့် ဖြုတ်ချခံရသော သမ္မတဘာရှာအယ်လ်အာဆတ်ကို ထောက်ခံအားပေးသည့် တိုက်ခိုက်ရေးသမားများကြား တိုက်ပွဲများအတွင်း အရပ်သား ၅၅၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

အာဆတ်အစိုးရ ဖြုတ်ချခံရသည်မှာ သုံးလရှိပြီဖြစ်သည်။



ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း လာတာကီယာမြို့နှင့် တခြားဒေသများ၌ မတ် ၆ ရက်ကတည်းက တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားလျက်ရှိကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောသည်။

အဆိုပါဒေသများရှိ လမ်းမများနှင့် ဆေးရုံအနီးတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေကြောင်းလည်း သိရသည်။

သေဆုံးသူများတွင် အမျိုးသမီးများနှင့် ကလေးငယ်များလည်းပါဝင်ကြောင်း သိရသည်။

ထို့ပြင် တိုက်ခိုက်ရေးသမား ၂၀၀ ကျော်သေဆုံးခဲ့ကြောင်းလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

လက်ရှိ ကြားဖြတ်အစိုးရသည် ဆီးရီးယားနိုင်ငံသားများကြား ပြန်လည်သင့်မြတ်ရေးကို မြှင့်တင်ရင်း နိုင်ငံတည်ဆောက်ရေး ကြိုးပမ်းမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

သို့သော် ဆီးရီးယားမြောက်ပိုင်း၌ ကာ့ဒ်တပ်ဖွဲ့များနှင့် တခြားအဖွဲ့များကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိသည့်အတွက် နိုင်ငံတွင်း တည်ငြိမ်မှုကို ပြန်လည်ထိန်းသိမ်းနိုင်မည်လား ဆိုသည်မှာ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းအား ခရီးသွားလုပ်ငန်းအတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းမှ တားမြစ်သည့်ဥပဒေ ပြဋ္ဌာန်းမည်

ဂျကာတာ မတ် ၉

အင်ဒိုနီးရှားနိုင်ငံရှိ ဘာလီကျွန်းအား ခရီးသွားလာရေးလုပ်ငန်းများက အကျိုးအမြတ်အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းမှတားမြစ်သည့်ဥပဒေကို ရေးဆွဲနေကြောင်း ဘာလီဒေသအုပ်ချုပ်ရေးမှူးက ယမန်နေ့တွင် ပြောကြားသည်။

ဘာလီကျွန်းပေါ်တွင် ဟိုတယ်များ၊ ရိပ်သာများ၊ အပန်းဖြေစခန်းများ အများအပြားဖွင့်လှစ်ခြင်းဖြင့် ဒေသခံများ၏ ကမ်းခြေနှင့် ကမ်းရိုးတန်းဒေသအသုံးပြုခွင့်ကို ကန့်သတ်ရာရောက်ကြောင်း ဘာလီဒေသအုပ်ချုပ်ရေးမှူး အိုင်ဝါယန်ကိုစတာက ဒေသခံမီဒီယာများအား ပြောကြားသည်။

ဘာလီကမ်းခြေတွင် ခရီးသွားများအများအပြားရှိနေခြင်းကြောင့် ဒေသခံဟိန္ဒူလူမျိုးများ၏ ရိုးရာပွဲတော်များကျင်းပခြင်းနှင့် ဒေသခံများအတွက် အဟန့်အတားဖြစ်စေကြောင်း ၎င်းကပြောကြားသည်။

ထို့ပြင် ဘာလီဒေသတွင် ယာဉ်မတော်တဆမှုများဖြစ်ပွားခြင်းမှ ကာကွယ်ရေးအတွက် နိုင်ငံခြားသားများအား မောင်းနှင်ခွင့်ပိတ်ပင်မည့်ဥပဒေကို ပြဋ္ဌာန်းမည်ဖြစ်သည်။

ဇန်နဝါရီလအတွင်းက အသက် ၇၀ အရွယ်ရှိ ပြင်သစ်နိုင်ငံသားတစ်ဦး ဆိုင်ကယ်စီးရာမှ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အသက် ၂၅ နှစ်အရွယ် ပြင်သစ်နိုင်ငံသားတစ်ဦးမှာလည်း ယာဉ်မတော်တဆမှုဖြင့် သေဆုံးခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ




## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ ဥက္ကဋ္ဌာရာမလမ်း၊ မြေကွက်အမှတ်(၆၆၂/က)၊ မြေအကျယ်အဝန်းအလျား×အနံ (၂၀ပေ×၆၀ပေ)ရှိ ဒေါ်လှိုင်လှိုင်ထွေး[၇/ပခန(နိုင်)၁၇၉၃၇၆]အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအိမ်အပါအဝင် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းသန္တာဦး[၁၂/သဃက(နိုင်)၁၈၆၅၇၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်သူ[၈/မသန(နိုင်)၁၄၀၉၁၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအိမ်မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာ၈(၁၇)လမ်း (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၉-၂၅၁၀၁၂၅၃၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ ဝဇီရာ(၆)လမ်း၊ အမှတ်(၃၅၁)၊ (၆လွှာ)၊ ပဉ္စမထပ်၊ တိုက်အမှတ်(၃၅၁)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နီလာဟန်[၁၂/ဥကမ(နိုင်)၁၅၉၉၄၆]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသပေးချေ ဝယ်ယူထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပန်းကြည်ဖြူ**
**အထက်တန်းရှေ့နေ (စဉ်-၅၅၇၂၂)**
**ရုံး-အမှတ်(က/၇၂၁)၊ ပထမထပ်၊ (မြောက်ဥက္ကလာပမြို့နယ်တရားရုံးရှေ့)၊ ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း - ၀၉-၇၅၅၂၅၉၀၆၂၊ ၀၉-၆၈၅၂၃၆၃၈၃**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၄)၊ မြေကွက်အမှတ်(၁၄၃၁)၊ မြေအကျယ်အဝန်း-အလျား×အနံ(၄၀ပေ×၆၀ပေ)ရှိ ဒေါ်ခင်ကြည်[၁၂/တမန(နိုင်)၀၆၃၂၂၅]အမည်ပေါက်ပါမစ်မြေကွက်ရှိသည့်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း-အလျား×အနံ(၁၀ပေ×၆၀ပေ)နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်ပြီး ရောင်းချ ပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်စန္ဒာထွန်း[၁၂/လသယ(နိုင်)၀၄၁၈၇၄]ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးအောင်သန်းဇော်[၈/မသန(နိုင်)၁၀၉၃၀၇]၊ ဒေါ်ပပဝင်း[၈/မသန(နိုင်)၁၅၈၀၄၂]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအိမ်မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် အတွင်းခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သွားပါကအပြီးသတ် ငွေပေးချေ၍ တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာ၈(၁၇)လမ်း (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၉-၂၅၁၀၁၂၅၃၀**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ အမှတ်(၄၀)ရှိ (3A) ဟုခေါ်တွင်သော တိုက်ခန်းနှင့် စပ်လျဉ်း၍ မိမိဝယ်ယူပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုလျက် အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသူ ဒေါ်ငွေစန္ဒာစိုးနောင် [၁၀/သဖရ(နိုင်)၁၈၄၄၃၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန္ဒီထက် (LL.B)(D.B.L)**
**အထက်တန်းရှေ့နေ (စဉ် - ၄၈၃၀၅)**
**အမှတ် (၂၇)၊ ၁၂၇-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**
**09-441808872, 09-443022317**

## နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ပူနန်း[၁၃/နခတ(နိုင်)၀၇၅၄၁၁] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ပူနန်းနှင့် ဦးဟေမ်ရာဇ်[၉/မကန(နိုင်)၀၈၇၂၉၆]တို့သည် "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်" ချုပ်ဆို၍ မိမိတို့၏ ကိုယ်ပိုင်လွတ်လပ်သော သဘောဆန္ဒဖြင့် အသိသက်သေများရှေ့မှောက်တွင် ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ပူနန်းသည် ဦးဟေမ်ရာဇ်နှင့် မည်သို့မျှ သက်ဆိုင်ခြင်း မရှိတော့ပါသဖြင့် ဦးဟေမ်ရာဇ်နှင့် ပတ်သက်သည့် လူမှုရေးကိစ္စများ၊ ငွေကြေးကိစ္စများ အစရှိသည့် မည်သည့်ကိစ္စရပ်ကိုမျှ ဒေါ်ပူနန်းနှင့် သက်ဆိုင်ခြင်း မရှိသလို တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းသန်းစိန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၀၀)**
**ရုံးခန်း - အမှတ်(၈၃)၊ အခန်း(၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၅၄၀၆၄၀၆၊ ၀၉-၂၅၄၉၅၁၁၇၇၊ ၀၉-၇၉၅၄၂၀၇၉၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ရပ်ကွက်၊ အကွက်အမှတ်-က-၁၊ ဦးပိုင်အမှတ်-၉၄-ခ/၁၉/၇၂×၇၃လမ်းကြား၊ ၁၁၁ လမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ် [၁၂/ဥကတ(နိုင်)၀၂၃၀၃၉]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၈၈/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မေသက်နွယ် [၁၃/ကမန(နိုင်)၁၄၈၈၀၅]၊ ဒေါ်ခင်အုန်းမြင့် [၁/ရကန(နိုင်)၀၂၆၆၀၀]တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ပြင်ဆင်ဖတ်ရှုပါရန်

၈-၃-၂၀၂၅ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၂၇)ပါ သားအဖြစ်မှ စွန့်လွှတ်ကြောင်း (ဘ)ဦးနန္ဒကျော် ကြော်ငြာတွင် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ်(၄၁)နေဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

(ဘ)ဦးဖေသန်း၏ သား မောင်အောင်မင်း [၁၂/မဂတ(နိုင်)၀၃၈၅၆၀]၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၉၄၄၆၁၀၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နေ ပုသိမ်တက္ကသိုလ်အဝေးသင် တတိယနှစ်မှ မခင်မေကျော့၏ ဖခင်အမည်မှာ ဦးဆန်းတင်၊ ဦးစန်းတင့်၊ ဦးဆန်းတင့် [၁၄/ကကန(နိုင်)၀၁၅၁၃၉] တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဆန်းတင်၊ ဦးစန်းတင့်၊**
**ဦးဆန်းတင့်**

❄ UFC မှ

ရမှတ်များရရှိအောင် ထိုးသတ်နိုင်သဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာတွင် အသာရခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အမှတ်ဖြင့်ဆုံးဖြတ်ရာတွင် ဒိုင်လူကြီးသုံးဦးစလုံးက ၃၀-၂၇ မှတ်၊ ၃၀-၂၇ မှတ်၊ ၃၀-၂၇ မှတ်ဖြင့် အနိုင်ပေးခဲ့ခြင်းဖြစ်သည်။

ဂျိုရှူအာဗန်သည် UFC တွင် ခုနစ်ပွဲထိုးသတ်ထားရာ ခြောက်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားပြီး နိုင်ပွဲဆက်နေခြင်းဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-UFC

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်-၆၃၃/A၊ ကွင်းအမည်-ရာမနီကွင်း၊ ဦးပိုင်အမှတ်-၁၂၊ ဦးရန်သိန်း၊ ဒေါ်လုံးခင် အမည်ပေါက် ဧရိယာ(၀.၆၅)ဧကရှိ ခြံမြေအား ဒေါ်အေးမြိုင်[၁၂/သလန(နိုင်)၀၆၁၀၉၁၂]မှ တရားဝင်လက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အဆိုပါခြံမြေအတွင်းမှ အလျား(၂၀)ပေ×အနံ(၈၀)ပေရှိ ခြံမြေအား ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမော် [၁၂/သခန(နိုင်)၀၃၆၀၈၀]က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ ခြံမြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ**
**ဒေါ်အေးအေးမော်**
**[၁၂/သခန(နိုင်)၀၃၆၀၈၀]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်ရွှေစင်(LL.B,LL.M,D.M.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၀၀၇)**
၀၉-၄၄၅၈၆၀၁၆၀၊ ၀၉-၆၆၉၉၇၅၀၈၈

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟလမ်း၊ အမှတ်(၁၂၃၈)၊ (၂)ခန်းတွဲ (၃½)ထပ်တိုက်၏(ပထမထပ်ခြေရင်း)၊ အခန်းအမှတ်(၃-B) အလျား(၁၄)ပေ×အနံ(၅၅)ပေ အကျယ်အဝန်းရှိသည့် တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဒေါ်သဉ္ဇာကျော်(၁၂/ဥကတ(နိုင်)၁၅၃၈၅၉) မှ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုမိုကို(၈/မကန(နိုင်)၁၉၃၀၂၂)မှ စရံငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လှိုင်ယဉ်မွန်(LL.B)**
အထက်တန်းရှေ့နေ (စဉ်-၄၀၆၄၈)
အမှတ်-(၄၃၀)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ရုံးဖုန်း-၀၉ ၂၆၀၅၅၀၂၇၀

# ကန့်ဘလူမြို့နယ် ယင်းသာကျေးရွာ၌ လယ်မြေဧက ၁၀၀ ကို စက်မှုလယ်ယာမြေအဖြစ်ဖော်ထုတ်မှု ကွင်းဆင်းစစ်ဆေး

**ကန့်ဘလူ မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ယင်းသာကျေးရွာ၌ ဒေသခံတောင်သူများ၏ လယ်မြေဧက ၁၀၀ ကို စနစ်ကျလယ်ယာမြေအဖြစ် ဖော်ထုတ်နေမှုကို မတ် ၈ ရက် နံနက်ပိုင်းက မြို့နယ်စက်မှုလယ်ယာဦးစီးဌာနကဦးဆောင်၍ မိတ်ဖက်ဌာန တာဝန်ရှိသူများနှင့် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပေါင်းစပ်ညှိနှိုင်း**

အဆိုပါစက်မှုလယ်ယာမြေဧက ၁၀၀ ဖော်ထုတ်ခြင်းကို တိုင်းဒေသကြီးအစိုးရ၏ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၉၈ ဒသမ ၅၀ သန်းဖြင့် မြင့်မြတ်အရှဏ်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး စနစ်ကျလယ်ယာမြေဧက ၁၀၀ ဆောင်ရွက်ရာတွင် စက်ယန္တရားကြီးများဖြင့် မြေပြုပြင်ခြင်း၊ မြေဖို့ခြင်း၊ ရေသွင်းရေထုတ်မြောင်းများဖော်ထုတ်ခြင်း၊ မြောင်းဖြတ်လမ်း၌ ရေပြွန်ထည့်ခြင်း၊ ထယ်ထိုးထယ်မွှေခြင်း၊ မြေညှိကန်သင်းကြမ်းတင်ခြင်းလုပ်ငန်းများကို စနစ်တကျဖြစ်စေရေးနှင့် အချိန်မီပြီးစီးရေးတို့အတွက် ကုမ္ပဏီမှတာဝန်ရှိသူများနှင့် ကျေးရွာလယ်ယာမြေ ကြီးကြပ်မှုကော်မတီဝင်များအား မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိဦးတင်မောင်ထွန်းက ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် မတ် ၉**

ယနေ့ မြန်မာစံတော်ချိန် ည ၁၀ နာရီ ၂၂ မိနစ် ၃၆ စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ တောင်ဘက် ၁၀၁ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင် (ဖျာပုံမြို့၏ အရှေ့တောင်ဘက် ၆၇ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၅ ဒသမ ၃၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၃ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၀ အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း သိရသည်။

**မိုး/ဇလ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်အရ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကမ်းနားလမ်းနှင့်ဆင်မင်းလမ်းထောင့် Royal Sin Min Condo တိုက်ခန်းအမှတ်(A) Unit(B) အခန်းအမှတ်(2/B) အကျယ်အဝန်း(၁၉၀၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်နန်းခမ်းလီ[၁၃/မရန(နိုင်)၀၁၈၆၃၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သော်တာဝင်းပြည့်[၆/မမန(နိုင်)၁၈၅၀၇၀]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်သော်တာဝင်းပြည့်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြတ်သက်အေး (B.A,P.G.D.L,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်–၅၄၂၃၆)**
**အမှတ်(၄၀)၊ ပီတောက်ပင်လမ်းဈေးကြီးအနောက်ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၅၀၆၆၉၆၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သိင်္ဂီ(၃)လမ်းမြောက်၊ အမှတ်–၁၁၁(ခ)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်–၅၊ မြေကွက်အမှတ်– ၁၁၁(ခ)၊ ဧရိယာ– ၁၂၀၀ စတုရန်းပေ၊ အကျယ်အဝန်း (အလျား ၂၀ x အနံ ၆၀)ပေရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဦးတင်ဆိုင်+ဒေါ်သန်းရီ အမည်ပေါက် နှစ်(၆၀)ဂရန်မြေ မြေအမျိုးအစားနှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား စပ်ဆက်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးဝင်းမင်းထွန်း[၁၂/သကတ(နိုင်)၁၄၅၀၅၂]၊ ဒေါ်တင်နီလာနိုင် [၁၂/သကတ(နိုင်)၁၇၃၈၈၄] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်သက်ခိုင် [၁၂/သကတ(နိုင်)၀၂၀၆၅၄]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြေညာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမြင့် (LL.B) (D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၃၇၅၈)**
**ဖုန်း–၀၉–၅၀၆၄၆၆၇**
**အမှတ်–၅၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်–က–၁၊ ဦးပိုင်အမှတ်–၉၄–ခ/၁၀/၇၂x၇၃ လမ်းကြား၊ ၁၁၁ လမ်းရှိဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြတ် [၁၂/ဥကတ(နိုင်) ၀၂၃၀၃၉]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်–(၁၂၈၈/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မေသက်နွယ် [၁၃/ကမန(နိုင်)၁၄၈၈၀၅]၊ ဒေါ်ခင်အုန်းမြင့်[၁/ရကန(နိုင်)၀၂၆၆၀၀]တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်–၈၈–၂၂၊ ဦးပိုင်အမှတ်–၂၆၊ ၅၃x၅၄လမ်းကြား၊ ၁၀၈x၁၀၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်တင်အေး [၉/ရမသ(နိုင်) ၀၅၇၈၆၁]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်–(၄၀/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မိုးသန္တာဝင်း [၉/မဟမ(နိုင်)၀၃၆၆၁၉]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

